Inya Economics

# Economic Readings in Burmese Language

EEP

ERBL. Volume (1). Issue (1). January 2025
ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)၊ အတွဲ (၁) ၊ စာစဉ် (၁) ဇန်နဝါရီ၊ ၂၀၂၅

## မာတိကာ စာမျက်နှာ

၁။ ဥပယောဇဉ် ........ ၁
၂။ ဘောဂဗေဒ တော်လှန်ရေးတစ်ရပ် ပေါ်ထွက်လာခြင်း (မောင်လူအေး) ........ ၃
၃။ နိုင်ငံတို့၏ ဓနု အခန်း(၁)၊ လုပ်အားကို ခွဲဝေအသုံးချခြင်း (မောင်လူအေး) ........ ၁၄
၄။ ဆင်းရဲမှုနဲ့ ကြွယ်ဝချမ်းသာမှုတို့ရဲ့ သမိုင်းကြောင်းချီ အကြောင်းအရင်း (ကိုညာဏ) ........ ၂၃

ဤစာစဉ်တွင် ဖော်ပြသည့် ပညာရပ်ဆိုင်ရာအမြင်နှင့် သုံးသပ်ချက်များသည် စာရေးသူ၊ ဘာသာပြန်သူများ၏ ကိုယ်ပိုင်အမြင်သာ ဖြစ်ပြီး အင်းလျား ဘောဂဗေဒအဖွဲ့အစည်း၏ အမြင်ကို ကိုယ်စားမပြုပါ။ ဤစာစဉ်တွင် ပါရှိသည့် ဆောင်းပါးများသည် ပညာရေးနှင့် ဝေဖန်ဆန်းစစ်ရေးအတွက်သာ ရည်ရွယ်ပါသည်။

Copyright © 2025. Economic Education Program, Inya Economics

# ဥယျာဇဉ်

**“ဗမာပြည်သူတစ်ဦးသည် ကမ္ဘာကြီး၏ မည်သည့်အရပ်ဒေသတွင် နေထိုင်နေသည်ဖြစ်ပစေ၊ ဘောဂဗေဒ ပညာရပ်ကို လေ့လာလိုပါက ဖတ်စရာစာ ရှိစေရမည်။“** ဖတ်စရာစာ ဆိုရာတွင်လည်း သာမန်ပြည်သူများ နားလည်သော ဗမာဘာသာစကားဖြင့် ဖတ်စာများ ရှိမှသာ ပြည်သူအများအတွက် ခက်ခဲနေသေးသော နိုင်ငံခြား ဘာသာစကား အရံအတားကို ဖယ်ရှားနိုင်ပေမည်။ အီလစ်တို့သာ လေ့လာနိုင်သော ပညာရပ်အဖြစ်မှ သာမန် ပြည်သူများ လေ့လာနိုင်သော ပညာရပ်အဖြစ်သို့ ရောက်ရှိနိုင်ရန် ဘောဂဗေဒဖတ်စာများ ဗမာဘာသာဖြင့် တည်ရှိနေရန် လိုအပ်ပါသည်။ ဤရည်မှန်းချက်ကို လက်တွေ့အကောက်အထည်ဖော်ရန် ဘောဂဗေဒဖတ်စာ (ဗမာဘာသာ) စာစဉ် ပေါ်ပေါက်လာရပါသည်။

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ) စာစဉ်သည် အင်းလျားဘောဂဗေဒအဖွဲ့၊ ဘောဂဗေဒပညာရေးပရိုဂရမ်၏ ငွေကြေးအကျိုးအမြတ် မမျှော်ကိုး၊ အများပြည်သူ၏ ဘောဂဗေဒပညာရေးရေချိန် တိုးတက်စေရေးကိုသာ ရည်ရွယ်သော ပညာရေးထုတ်ကုန် ဖြစ်ပါသည်။ စိတ်တူကိုယ်တူ ရှိသော လုပ်ဖော်ကိုင်ဖက်များ ရှိနေ၍သာ ကျွန်တော် ရှုးမိုက်ရဲပါသည်။

ပထမဆောင်းပါးမှာ အတွေးအခေါ်တော်လှန်ရေး တစ်ရပ်အသွင်ဖြင့် ဘောဂဗေဒပေါ်ထွက်လာခဲ့ရသည့် အကြောင်း ဖြစ်ပါသည်။ Robert Heilbroner ၏ နာမည်ကျော် “The Worldly Philosophers” စာအုပ်မှ မောင်လူအေး ထုတ်နှုတ်ဘာသာပြန်ဆိုထားပါသည်။ ဒုတိယဆောင်းပါးမှာ ခေတ်သစ်ဘောဂဗေဒပညာ၏ မူလအခြေခံ ဖြစ်သည့် နိုင်ငံများ၏ ဓန စာအုပ်မှ မောင်လူအေး ထုတ်နှုတ်ဘာသာပြန်ဆိုထားပါသည်။ ဆောင်းပါးနှစ်ပုဒ်စလုံးမှာ နာမည်ကျော်စာအုပ်များ၏ အခန်းများမှ ထုတ်နှုတ်ပြန်ဆိုထားခြင်း ဖြစ်သည့်အတွက် စာဖတ်သူများအတွက် အထူးအကျိုးရှိပါလိမ့်မည်။ အားနည်းချက်တစ်ခုသာ ရှိပါသည်။ အကောင်းဆုံး အကျိုးကျေးဇူးကို ရရှိနိုင်ရန် နောက်လများလည်း ဆက်လက်ဖတ်ရှုရန် လိုအပ်ပါလိမ့်မည်။

နောက်ဆုံးဆောင်းပါးမှာ မနှစ်က ဘောဂဗေဒသိပ္ပံဆိုင်ရာနိုဘယ်ဆုရှင်များ၏ ပညာရပ်ပိုင်း ကြိုးစား အားထုတ်မှုအကြောင်း ဖြစ်ပါသည်။ အင်စတီကျူးရှင်းများသည် တိုင်းပြည်ကြွယ်ဝချမ်းသာမှု၏ အကြောင်းရင်း

Copyright © 2025. Economic Education Program, Inya Economics.

ဖြစ်ကြောင်း ပညာရှင်သုံးဦး သက်သေပြခန်းနှင့် ဆရာသုံးဦးရှင်းပြချက်များအား စာဖတ်သူတို့ လေ့လာရပေမည်။စာဖတ်သူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် ကိုညဏက တစ်ချို့နေရာများတွင် ရှင်းပြချက်များ ထပ်ပေါင်းထည့်ပေးထားပါသည်။ ဘောဂဗေဒသိပ္ပံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီ၏ အများပြည်သူအတွက် ထုတ်ပြန်ထားသည့် အချက်အလက်နှင့် ဆောင်းပါးကို အဓိကအသုံးပြုပြီး ရေးသားထားပါသည်။

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ) စာစဉ်အား လစဉ် ထုတ်ဝေနိုင်ရန် ဘောဂဗေဒပညာရေးပရိုဂရမ်က တက်စွမ်းသမျှ ကြိုးစားအားထုတ်ပါမည်။ ဤစာစဉ်တွင် ပညာရပ်ဆိုင်ရာအမြင်များ အမျိုးစုံသည်ထက် စုံလင်စေရန် ကျွန်ုပ်တို့ ကြိုးစားအားထုတ်ပါမည်။ စိတ်တူကိုယ်တူရှိသူများ အများအပြားများကိုလည်း ဤနေရာကနေ လေးစားစွာဖြင့် စာမူများ ဖိတ်ခေါ်ချင်ပါသည်။ ဗမာပြည်တိုးတက်ရေးအတွက် ဘောဂဗေဒ စာပေကို ထူထောင်နိုင်ရန် အလွန်အရေးကြီးပါသည်။ တစ်ဦး၊ တစ်ဖွဲ့တည်း ကောင်းရုံဖြင့် ကြိုးပမ်းရုံဖြင့် ထူထောင်နိုင်သော အရာ မဟုတ်သဖြင့် ကျွန်ုပ်တို့အားလုံး ဝီရိယထည့်ပါမှ အချိန်ကာလတစ်ခုအကြာတွင် အသီးအပွင့် ခံစားရပေမည်။

သန်းထွန်း

တာဝန်ခံ (ဘောဂဗေဒပညာရေးပရိုဂရမ်)

အင်းလျားဘောဂဗေဒအဖွဲ့

Copyright © 2025. Economic Education Program, Inya Economics.

# ဘောဂဗေဒ တော်လှန်ရေးတစ်ရပ် ပေါ်ထွက်လာခြင်း (အပိုင်း-၁)

**မောင်လူအေး**

မျောက်အဖြစ် သစ်ကိုင်းများပေါ်တွင် ကျက်စားနေသောဘဝမှ ဆင်းသက်လာသည့်အချိန်မှ စ၍ လူသား မျိုးနွယ်တို့သည် ရှင်သန်ရပ်တည်ရေး အတွက် သဘာဝလောက၏ စိန်ခေါ်ချက်များနှင့် စတင် ရင်ဆိုင်ရလေသည်။ နှစ်သန်းပေါင်းများစွာ ကြာညောင်းခဲ့ပြီဖြစ်သော လူ့သမိုင်းကို ထောက်ရှု ခြင်း ဖြင့် လူသားတို့သည် ရှင်သန်ခြင်း ပုစ္ဆာကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ပြီဟု စာဖတ်သူ ယူဆကောင်း ယူဆပေလိမ့်မည်။ သို့သော် မိမိတို့ပတ်ဝန်းကျင် တွင်တွေ့ရသော ဆင်းရဲဒုက္ခများ၊ အချမ်းသာဆုံး နိုင်ငံများကပင် မဖြေရှင်းနိုင်သေးသော လိုအပ်ချက် ပြဿနာ များကို ကြည့်ရှုလျှင် လူသားတို့၏ ရှင်သန်ခြင်းပုစ္ဆာအတွက် အဖြေမှာ မပြည့်စုံ သေးကြောင်း သိနိုင်ပေမည်။

ကမ္ဘာမြေပေါ်တွင် သုခဘုံနိဗ္ဗာန် မတည်ဆောက်နိုင်ရသေးခြင်းမှာ လူသားတို့ အပြစ် သက်သက် မဟုတ်ပါချေ။ မြေကြီးမှနေ၍ ရှင်သန်ရေးအတွက် ဘဝတစ်ခုတည်ဆောက်ရသည်မှာ အမှန်ပင် ခက်ခဲလေသည်။ ယနေ့ခေတ် တိုးတက်သော လူ့အဖွဲ့အစည်းတခုဖြစ်လာရန် အတွက် မိမိတို့၏ ဘိုးဘေးဘီဘင်များမှာ မျိုးဆက် အဆက်ဆက် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ရလေသည်။ သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် တောရိုင်း တိရစ္ဆာန်များ ကိုယျဉ်ပါးစေခြင်း မှသည် စိုက်ပျိုး ထွန်ယက်မှု အတတ်ကို တတ်မြောက်ခြင်း၊ သတ္တုရိုင်းများကို ကျွမ်းကျင်စွာ ထုဖော်သုံးစွဲခြင်း စသည်ဖြင့် အဆင့်ဆင့် တိုးတက်လာ ရခြင်းမှာ လူသားတို့၏ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက် နိုင်စွမ်းကြောင့် ဖြစ်လေသည်။

သို့သော် ဤသို့ ပူးပေါင်းဆောင်ရွက်နိုင်စွမ်း (ဝါ) တစ်ဦးအပေါ်တစ်ဦး မှီခိုအားထားရခြင်းသည်ကပင် လူသားတို့၏ ရှင်သန်ခြင်း ပုစ္ဆာကို တနည်းတဖုံ ပိုမို ရှုပ်ထွေးစေခဲ့လေသည်။ လူတို့တွင် ပုရွက်ဆိတ်များကဲ့သို့ ရှင်သန်ရပ်တည်ရေးအတွက် သဘာဝအလျောက် ပူပေါင်းဆောင်ရွက် တတ်သော ဗီဇ ပါမလာ၊ ကိုယ်ကျိုး စီးပွားကို ရှေ့တန်းတင်လေ့ရှိသော သတ္တဝါများ ဖြစ်လေရာ တစ်ဦးနှင့် တစ်ဦး ပူးပေါင်းဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိလေသည်။ သမိုင်း ခေတ်ဦး ကာလများတွင်မူ သဘာဝပတ်ဝန်းကျင် အခြေအနေများက အကျိုးစီးပွားနှင့် ပူးပေါင်းဆောင်ရွက်မှု ကြားရှိ ပဋိပက္ခကို အတန်အသင့် ဖြေရှင်းပေးလေသည်။ ခက်ခဲ

Copyright © 2025. Economic Education Program, Inya Economics.

ကြမ်းတမ်းသော ပတ်ဝန်းကျင် အခြေအနေများ၊ အငတ်ဘေးဒုက္ခများက အမြဲတစေ ခြိမ်းခြောက်နေ သောအခါ အက်စကီးမိုးများ၊ အာဖရိက အမဲလိုက် မျိုးနွယ်များတွင် မျိုးနွယ်ဝင်တို့သည် ပုဂ္ဂလိက အကျိုးစီးပွားကို ဘေးချိတ်ကာ ရှင်သန်ရေးအတွက် နေ့စဉ်အလုပ်များကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ပူးပေါင်းဆောင်ရွက်ရလေသည်။ ဤသို့ ပုခုံးချင်းဖက်၍ ရှင်သန်ရုန်းကန်ရသော အဆင့်မှသည် မြေဆီလွှာကို တစ်ခါမှ မထွန်မယက်ပဲ၊ သတ္တုတွင်းများတွင် တစ်ခါမှ မတူးမဖော်ပဲ၊ စက်ရုံများအတွင်း သို့ပင် မရောက်ဖူးပါပဲ အစားအသောက် မှသည် အဝတ်အထည် အသုံးအဆောင်များကို အလွယ် တကူ ဝယ်ယူသုံးစွဲ နိုင်သော အဆင့်သို့ ရောက်ရှိလာသည်မှာ လူသားတို့၏ အံ့သြချီးမွမ်းဖွယ်ကောင်းလှသော ပူးပေါင်း ဆောင်ရွက်နိုင်မှုကြောင့်ပင် ဖြစ်သည်။

မည်မျှပင် ပူးပေါင်းဆောင်ရွက်နိုင်ပါစေ၊ မည်မျှပင် တိုးတက်ပြောင်းလဲနေပါစေ၊ ခေတ်သစ် လူ့အဖွဲ့အစည်း မှာ အန္တရာယ်မျိုးစုံ၏ လက်တကမ်းအကွာတွင် ရှိဆဲသာဖြစ်လေသည်။ လယ်သမား များ လူဦးရေ တစ်ခုလုံး အတွက် လုံလောက်သော စားနပ်ရိက္ခာများ မထုတ်လုပ်ပေးနိုင်တော့လျှင်၊ မီးရထား အလုပ်သမားများ ရုတ်တရက် စာအုပ် ပြောင်းရောင်းလျှင် (သို့) စာအုပ်သည်များ ရုတ်တရက် သံလမ်းဖောက်လုပ်သည့် အလုပ်ကို ပြောင်းလုပ်လျှင်၊ သတ္တုတွင်းများ၊ သံရည်ကျို စက်ရုံများတွင် လုံလောက်သော အလုပ်သမား များမရှိတော့လျှင်၊ တက္ကသိုလ်များမှ အင်ဂျင်နီယာ သစ်များ မမွေးထုတ် ပေးနိုင်တော့လျှင် (တနည်း) လူ့အဖွဲ့အစည်း အတွင်း အပြန်အလှန် ဆက်စပ်လျက်ရှိသော လုပ်ငန်းတာဝန်များ မပြီးမြောက်လျှင် မိမိတို့ တိုးတက်နေပြီဟု ယူဆထားသော ခေတ်သစ်လူ့အဖွဲ့အစည်းမှာ နေ့ချင်းညချင်း ပြိုကျသွားပေမည်။ ခေတ်သစ်လူ့အဖွဲ့ အစည်းကို ခြိမ်းခြောက်နိုင်သည်မှာ သမိုင်းခေတ်ဦးတွင်ကဲ့သို့ သဘာဝဘေးအန္တရာယ်များ မဟုတ်တော့၊ လူသားတို့၏ ခန့်မှန်းရခက်ခြင်းပင် ဖြစ်လေသည်။

ခေတ်အဆက်ဆက် ဤခန့်မှန်းရခက်မှုကို နည်းသုံးနည်းဖြင့် ဖြေရှင်းခဲ့ကြလေသည်။ ပထမနည်းမှာ အသက်မွေးဝမ်းကြောင်းမှုကို မျိုးဆက် အဆက်ဆက်အလိုက် ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုများနှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။ အဒမ်စမစ် ထောက်ပြသကဲ့သို့ ရှေးဟောင်း အီဂျစ်ပြည်တွင် ယောကျ်ားသားတိုင်းသည် ဖခင်၏ အလုပ်ကို ဖခင်တိမ်းပါးသည်နှင့် ဆက်ခံ၍ လုပ်ကိုင်ကြရလေသည်။ ထိုသို့ လုပ်ကိုင်နိုင်ရန် အတွက်လည်း ငယ်စဉ်ကတည်းက စ၍ ဖခင်၏အလုပ်ကို ဝင်ရောက် ကူညီလုပ် ကိုင်ကြရလေသည်။ ဖခင်၏အလုပ်ကို ဆက်ခံရန် ငြင်းပယ်သည်ကို ဘာသာရေး ရာဇဝတ်မှု နီးနီး ဓလေ့ ထုံးတမ်းအပေါ် ထိပါးမှုဟု ယူဆကာ ကြီးလေးသော အပြစ်ကို ပေးကြ၏။ အလားတူပင် အိန္ဒိယပြည်တွင် အချို့သော လက်မှုအတတ်ပညာလုပ်ငန်းများမှာ သီးသန့်လူတန်းစားအလွှာတို့ (ဇာတ်နိမ့်၊ ဇာတ်မြင့် စသည်ဖြင့်) ကသာ သီးသန့် လုပ်ပိုင်ခွင့်ရှိလေသည်။ အနှစ်ချုပ်အားဖြင့် စက်မှုတော်လှန်ရေး မတိုင်ခင်အထိ လူတို့သည် သတ်မှတ်ပြဌာန်းပြီးသား အသက်မွေးဝမ်းကြောင်းမှုကိုသာ လုပ်ကိုင်ကြရပြီး ရွေးချယ်စရာ များများစားစား မရှိခဲ့ချေ။

Copyright © 2025. Economic Education Program, Inya Economics.

ဒုတိယဖြေရှင်းနည်းမှာ မင်းအာဏာစက်ကို အသုံးချ၍ အကျပ်ကိုင်ဖြေရှင်းနည်းဖြစ်လေသည်။ လူတို့ လုပ်ကိုင်ရန် တွန့်ဆုတ်ကြသော လုပ်ငန်းများကို အစိုးရအာဏာဖြင့် ဖိအားပေး လုပ်ကိုင်ပြီးမြောက်စေခြင်း ဖြစ်သည်။ ရှေးအီဂျစ်ပြည်များ၏ ပိရမစ်များမှ သည် ဆိုဗီယက်ပြည်ထောင်စု၏ ငါးနှစ်တာ စီမံကိန်းအထိ လူတို့၏ လိုလိုလားလား ပူးပေါင်းဆောင်ရွက်မှုဖြင့် မဟုတ်ပဲ အာဏာပိုင်စနစ်ဖြင့် အတင်းအကျပ် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်လေသည်။ အာဏာပိုင်တို့က သင့်တော်ရာ မူဝါဒများ ချမှတ်၍ မလိုက်နာသူများအား ကြီးလေးသည့် ပြစ်ဒဏ်များ ချမှတ်ကာ စီးပွားရေးအခြေခိုင်မှုကို တည်ဆောက်သောနည်း ဖြစ် သည်။

ရာစုနှစ်ပေါင်းများစွာ လူတို့သည် ရှင်သန်ရေး ပုစ္ဆာကို ဤနှစ်နည်းဖြင့် ဖြေရှင်းခဲ့ကြသည်။ ဓလေ့ထုံးတမ်းများ၊ မင်းအာဏာစက်များ ကျင့်သုံးခဲ့သမျှ ကာလတစ်လျှောက်လုံး "ဘောဂဗေဒ" ဟူသော ဘာသာရပ်နယ်ပယ် တစ်ခု မလိုအပ်ခဲ့ချေ။ လူ့သမိုင်းတွင် အမျှော်အမြင် ကြီးသော ဘုရင်များ၊ မြို့စား၊ နယ်စားများ လက်ထက် တွင် ကဏ္ဍစုံ စီးပွားရေးဖွံ့ဖြိုးမှု တစ်စုံတစ်ရာ ရှိခဲ့သည့်အလျောက် ကျောက်တုံးများ၊ ငါးခြောက်များကို ငွေကြေး အဖြစ် သုံးစွဲသော၊ ဓလေ့ထုံးတမ်းနှင့် အာဏာပိုင်တို့က မောင်းနှင်သော၊ ရိုးရှင်းသည့် ကုန်ဖလှယ်မှု ကိုသာ တွင်တွင်ကျယ်ကျယ် ပြုလုပ်သော လူ့အဖွဲ့အစည်းတို့မှာ ဘောဂဗေဒ ကိုလည်ကောင်း၊ ဘောဂဗေဒ ပညာရှင်များ ကိုလည်းကောင်း မလိုအပ်ခဲ့ချေ။ ထိုလူ့အဖွဲ့အစည်းများတွင် ဘာသာရေးဂုရုများ၊ နိုင်ငံရေး ပရောဟိတ်များ၊ နိုင်ငံရေးသမားများ၊ အတွေးအခေါ်ပညာရှင်များ၊ ရာဇဝင်ဆရာများမှာ အရေးပါ တွင်ကျယ် ခဲ့သည့် အလျောက် ဘောဂဗေဒပညာရှင်များ၏ အခန်းကဏ္ဍမှာ မှေးမှိန်ခဲ့လေသည်။

ဘောဂဗေဒပညာရှင်များ စတင်တွင်ကျယ်လာသည်မှာ ရှင်သန်ရေးပုစ္ဆာ၏ တတိယ ဖြေရှင်းနည်းဖြစ်သော ဈေးကွက်စနစ် ပေါ်ထွန်းလာသည့်ကာလမှ စလေသည်။ မိမိနှင့် အသင့်တော်ဆုံးအလုပ်ကို ရွေးချယ်လုပ်ကိုင် ခြင်းဖြင့် မိမိဘာသာ မောင်းနှင်သော လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာ ကုန်ဖလှယ် ကျသော ဈေးကွက် တစ်ခု ပေါ်ထွက်လာလေရာ ဤဈေးကွက်တွင် ဓလေ့ထုံးတမ်းများ၊ မင်းအာဏာစက်များထက် အရေးပါသည်မှာ ပုဂ္ဂလိက ကိုယ်ကျိုးစီးပွားဖြစ်လေသည်။ ငွေကြေး အမြတ်အစွန်းအတွက် မိမိကျွမ်းကျင်ရာကို အကောင်းဆုံး လုပ်ကိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ပြည့်စုံစေခြင်း ဖြစ်သည်။ ဓလေ့ထုံးတမ်းများ၊ မင်းအာဏာစက်များကို ကျော်လွန်ကာ အကျားစီးပွားကို ရှေ့တန်းတင်သည့် ကာလမှစ၍ ဘောဂဗေဒပညာရပ်ကို စတင်လိုအပ်လာလေသည်။

အကျိုးစီးပွားကို ရှေ့တန်းတင် လုပ်ကိုင်ခြင်း၊ အထူးပြု ထုတ်လုပ်ခြင်းမှာ ဓလေ့ထုံးတမ်းများ၊ အာဏာစက် တို့၏ ဦးဆောင်မှုအောက်တွင် လုပ်ကိုင်ရသည်လောက် လွယ်ကူမှုမရှိလေရာ ဤသည်ကပင်လျှင် ဘောဂဗေဒ ပညာရပ် ပေါ်ထွန်းလာရန် လမ်းခင်းပေးခဲ့လေသည်။ ကိုယ်ကျိုးစီးပွားနှင့် ပူးပေါင်း ဆောင်ရွက်မှုကြား မည်သို့ ညှိနှိုင်း မည်နည်း၊ အာဏာပိုင်တို့၏ ထိန်းချုပ်မှုအောက်တွင် မရှိသော ဈေးကွက် တွင် ခက်ခဲကြမ်းတမ်းသော

Copyright © 2025. Economic Education Program, Inya Economics. 

အလုပ်များကို မည်သူကလုပ်ကိုင်၍ လွယ်ကူရိုးရှင်းသော အလုပ်များကို မည်သူက လုပ်ကိုင်မည်နည်း အစရှိသော မေးခွန်းများကို ဖြေရှင်းရသည်မှာ ဘောဂဗေဒပညာရှင်တို့၏ အဓိက တာဝန်ဖြစ်လာလေသည်။

ဈေးကွက်စနစ်မှာ အတိုက်အခံ၊ အတားအဆီးများ မရှိပဲ အများလက်ခံချက်ဖြင့် အလွယ်တကူ ပေါ်ထွက်လာခဲ့ခြင်းမျိုးတော့ မဟုတ်ချေ။ ဈေးကွက်စနစ်ကို သံသယမျက်လုံးဖြင့် ကြည့်ရှုခဲ့ရာမှ အများပြည်သူ လက်ခံလာသည်မှာ ရာစုနှစ်အနည်းငယ်မျှသာ ရှိလေသေးသည်။ ရာစုနှစ်များစွာ တည်ဆောက်ခဲ့သော ဓလေ့ထုံးတမ်းများနှင့် ဘုရင့်အာဏာစက်အောက်တွင် စီးပွားရေး ဖူလုံမှု တစ်စုံတစ်ရာ ရှိခဲ့ရမှ ဤအခြေခံကို စွန့်လွှတ်၍ ရှုပ်ထွေးလှသော ဈေးကွက်စနစ်ကို ရုတ်ချည်း ပြောင်းလဲအသုံးပြုရန်မှာ ကြီးမားသော တော်လှန်ရေးတစ်ရပ် ကို မဖြစ်မနေ လိုအပ်ခဲ့လေသည်။

ခေတ်သစ်လူ့အဖွဲ့အစည်းကို ပုံဖော်ရာတွင် ဤတော်လှန်ရေးမှာ ပြင်သစ် တော်လှန်ရေး၊ ရုရှား တော်လှန်ရေး ထက် ပိုမို အရေးပါခဲ့လေသည်။ ဓလေ့ထုံးတမ်းများ၊ အမိန့်ပေးစနစ်များ ကြီးစိုးခဲ့သော ကမ္ဘာဟောင်းနှင့် လွတ်လပ်စွာ ကုန်သွယ်မှုပြုကြသော ကမ္ဘာသစ်တို့ အကြား ခြားနားချက်မှာ ကြာညောင်းစွာ စောင့်ဆိုင်း ရခဲ့သော အနီတော်လှန်ရေး၏ ရလဒ်ပင်ဖြစ်သည်။ ထိုဖြစ်စဉ်ကို ပိုမို ကျွမ်းဝင်ရန်မှာ ကမ္ဘာဟောင်းကို ဦးစွာ လေ့လာရန် လိုအပ်၏။

**ပထမ ခရီးတစ်ထောက်၊ ပြင်သစ်ပြည်၊ ခုနှစ်ကား ၁၃၀၅ ခု၊**

ဈေးပွဲတော်တစ်ခုကို ရောက်နေသည်ဟု ဆိုကြပါစို့။ ကုန်သည်များကား လက်နက်ကိုင် ကိုယ်ရံတော်များနှင့် တဲတစ်တဲနှင့် တစ်တဲ ပျားပန်းခတ်မျှ လှုပ်ရှားကာ ကုန်သည်အချင်းချင်းဖြစ်စေ၊ ဒေသခံလူထုနှင့် ဖြစ်စေ ရောင်းဝယ် ဖောက်ကားနေကြလေသည်။ ကုန်အများစုမှာ နီးစပ်ရာ မြို့များမှသည် မိုင်ရာချီဝေးသော မြေထဲပင်လယ် နှင့် စကန်ဒီနေးဗီးယန်းဒေသထွက် ချည်ထည်၊ ပိုးထည်၊ သိုးမွေး၊ ရေမွေးနှင့် ဟင်းခတ်အမွှေးအကြိုင် တို့ဖြစ်သည်။ အချို့မှာ အလွန်ဝေးကွာသော အာရေဗျ ဒေသထွက် ယို၊ ပဲပိုးတီ၊ ဟင်းနုနွယ်၊ အိုးခွက်၊ ကွပ်ပျစ် စသည့် ကုန်ထူးကုန်ဆန်းများ ဖြစ်လေသည်။ ထိုဈေးပွဲတော်တွင် သာမန် အရပ်သူ အရပ်သားများနှင့်တကွ မြေပိုင်၊ ယာပိုင်များ၊ ၎င်းတို့၏ ကတော်များ၊ အခြွေအရံများ၊ ကြွေးကျွန်များ သည် ပျင်းရိဖွယ်ရာ နေ့စဉ်အလုပ်များကို ခေတ္တခဏ စွန့်ကာ ကုန်ထူးကုန်ဆန်းများကို လှည့်လည်ကြည့်ရှု ခြင်းဖြင့် အပန်းဖြေနေကြလေသည်။

ကုန်သည်တဲအတွင်းသို့ တစ်ချက်ရှုသော် ထူးဆန်းသော အခြင်းအရာကို တွေ့ရလေသည်။ စားပွဲတစ်ခု တွင် အရောင်းအဝယ်မှတ်တမ်းများကို တွေ့ရလေသည်။ လှန်လော ကြည့်သော် အကြွေးစာရင်းတစ်ခုတွင် "သတ္တမ တနင်္ဂနွေ (Whitsuntide - အီစတာပွဲတော်အပြီး ခုနှစ်ရက်မြောက်နေ့) တွင် လူတစ်ဦး ကုန်ဝယ် ရာ ငွေဆယ်ပြား

Copyright © 2025. Economic Education Program, Inya Economics.

အကြွေးတင်လေသည်။ နာမည်ကား မမှတ်မိချေ။ " ဟု ရေးသားထားလေသည်။ စာရင်းအင်း အများစုကို ရောမကိန်းဂဏန်းများဖြင့် တွက်ချက်ထားသော်ငြား အမှားမှား အယွင်းယွင်းဖြစ်၏။ အပေါင်း ပုစ္ဆာများမှာ မမှန်ကန်၊ ကိန်းတန်းရှည် စားနည်းကို အသုံးမပြုနိုင်၊ သုညကိုပင် ရှင်းရှင်းလင်းလင်း အသုံးမပြု ထားပါချေ။ ဒေသခံလူထုတို့မှာ ကုန်ပစ္စည်း အနည်းငယ်မျှဖြင့် ကျင်းပသော ဤဈေးပွဲတော်လေး ကိုပင် အပျော်လုပ်ကာ ဝင်ရောက်ဆင်နွှဲရလေသည်။ အမှန်စစ်စင် ထိုခေတ်က အဲလ်တောင်တန်းရှိ စိန့်ဂိုထသ် တောင်ကြားလမ်း (Saint Gothard pass) ကို ဖြတ်၍ ပြည်သစ်ပြည်အတွင်းသို့ ဝင်ရောက် ရောင်းချသော တစ်နှစ်စာ သွင်းကုန်မှာ ယနေ့ခေတ် ရထားတစ်စီးတင်စာပင် မရှိချေ။ ထို့အတူ ဗင်းနစ် ကုန်သည်များ မြေထဲပင်လယ်အတွင်း ရောင်းဝယ်ဖောက်ကားကြသော ကုန်စည်ပမာဏမှာ ခေတ်သစ် ကုန်သင်္ဘောတစ်စင်း တင်စာ ပင်မရှိချေ။



**အလယ်ခေတ် ဈေးပွဲတော်** (Pic – World History Encyclopedia, Public Domain, Anonymous painter )

**ဒုတိယ ခရီးတစ်ထောက်၊ ဂျာမနီပြည်၊ ၁၅၅၀ ခု**

သိုးမွေးထည်ကြီးရုံထားသော မုတ်ဆိတ်ကျင်စွယ်ရှည်နှင့် အန်ဒရေး ရစ်(ဖ်) ဟု အမည်ရသည့် ကုန်သည်ကြီး တစ်ယောက် ဘေဒင်မြို့ သို့ တရွေ့ရွေ့ မြင်းစီးကာ ပြန်လာလေသည်။ အိမ်သူသက်ထားအား ခရီးလမ်းတွင် မြင်တွေ့ခဲ့ရသော ဈေးပွဲအခု သုံးဆယ်ကျော်အကြောင်း၊ မြင်းစီးရများ၍ ကုန်းနှီးကြောင့် ပေါင်ခြံများပွန်းကာ ဒုက္ခရောက်ရပုံ၊ ဘက်စ်လေနှင့် ကိုလွန်းမြို့အကြား ခြောက်မိုင် တစ်ခါ လမ်းခွန် ကောက်၍ ခရီးထောက်ရပုံ

စသည်တို့ကို စာရေး အကြောင်းကြားထားပြီးပြီ ဖြစ်လေသည်။ အမှန်စင်စစ် ကုန်သည်ကြီး ရစ်(ဖ်) ဖြတ်သန်းခဲ့သော ခရီးတွင်တွေ့ခဲ့ရသည့် မြို့များ၊ ရွာများမှာ ကိုယ်ပိုင်ငွေကြေးများ၊ စည်းမျဉ်းများ၊ ဓလေ့များ နှင့် လည်ပတ်နေခြင်း ဖြစ်၏။ ဘောဒင်မြို့ဝန်းကျင်မှာပင် ကုန်သွယ်မှု၌ အသုံးပြုကြသော အချင်အတွယ်များမှာ မတူညီကြ။ အရှည်နှင့် ပတ်သက်၍ အတိုင်းအတာ ၁၁၂ ခု၊ ဧရိယာနှင့် ပတ်သက်၍ အတိုင်းအတာ ၉၂ ခု၊ အရည်၏ အလေးချိန်နှင့် ပတ်သက်၍ အချင်အတွယ် ၁၂၃ ခု၊ အရက်နှင့် ပတ်သက်၍ ၆၃ ခု၊ ကောက်ပဲသီးနှံ များနှင့် ပတ်သက်၍ ၁၆၃ ခု ရှိလေသည်။ အခြေခံ အချိန်အတွယ် ဖြစ်သည့် ပေါင် (pound) သည်ပင် မူကွဲ ရှစ်ဆယ်ခန့် ရှိလေသည်။

## တတိယ ရပ်နားရာနေရာ ဘောစတွန်မြို့ ၁၆၄၄ ခု

တရားခွင်တစ်ခုတွင်ဖြစ်သည်။ ကျမ်းစာလိုက်စားသော၊ နာမည်ပျက်မရှိသည့် မြို့မျက်နှာဖုံး သူဌေးကြီး ရောဘတ်ကိန်းကို စီရင်ချက်ချရန် တရားသူကြီးများ ခေါင်းချင်းဆိုင် တိုင်ပင်နေကြလေသည်။ စွဲချက်မှာ သျှီလင် (shilling - တစ်သျှီလင် = ဆယ့်နှစ်ပဲနိ) အရင်းကို ခြောက်ပဲနိမျှ အမြတ်ကြီးစားသည့် အမြတ်ကြီး စားမှုဖြစ်သည်။ တရားရုံးမှာ ရောဘတ်၏ အမြတ်ကြီးစားသော အကုသိုလ်ပြစ်မှု (sin) အတွက် မြို့မှ နှင်ထုတ်ရန် ဦးစွာ တိုင်ပင်ထားကြသော်လည်း ယခင်က အလှူအတန်း ရက်ရောမှုများကို ထောက်ရှုကာ ဒဏ်ငွေ ပေါင်နှစ်ရာသာ ရိုက်လေသည်။ သို့သော် ရောဘတ်မှာ ဘာသာရေးအယူအဆ ပြင်းထန်သော မြို့လူထု၏ တံတွေးခွက်တွင် ပက်လက်မျောကာ ဘုရားကျောင်း လူကြီးများရှေ့တွင် မိမိ၏ မိုက်ပြစ်အတွက် ဝန်ချတောင်းပန်ရလေသည်။ ဘောစတွန်မြို့အုပ်မင်းမှာ ထိုမဟာအခွင့်အရေးကို အသုံးချကာ အပတ်စဉ် ကျင်းပသော တနင်္ဂနွေနေ့ ဒေသနာ ဖတ်ကြားပွဲ၌ ရန်သူတော် သူဌေးကြီး ရောဘတ်အား ဝိသမလောဘသား ခေါင်းစဉ်တပ်၍ စောင်းမြောင်း တိုက်ခိုက်လေသည်။ လောဘသား ရောဘတ်ကို အကြောင်းပြု၍ ဘုရားသခင် မကြိုက်သော ကုန်သွယ်ရေး အလေ့အကျင့် များကို ဆက်လက် ရှုံ့ချလေသည်။

(၁) ဝယ်လျှင် ဈေးအနည်းဆုံးဝယ်ကာ ရောင်းလျှင် အများဆုံးဈေးတင် ရောင်းခြင်း၊

(၂) ကုန်စည်များ ပင်လယ်ပြင်တွင် ပျောက်ဆုံး (သို့) အကြောင်း အမျိုးမျိုးကြောင့် ဆုံးရှုံးလျှင် ကျန်ကုန်များအား ဈေးတင်ရောင်းခြင်း၊

(၃) အလွန်တရာ တန်ဖိုးကြီးသော ကုန်စည်များကို ထပ်မံ၍ ဈေးတင်ရောင်းခြင်း၊

"အကုန် အမှားတွေ၊ မိစ္ဆာဒိဋ္ဌိ အယူအဆတွေ" ဟု မြို့အုပ်မင်းက အော်ဟစ်ကာ ကျမ်းစာအဆုံးအမနှင့် ဆန့်ကျင်သော ချမ်းသာရန် ဉစ္စာရှာသည့် အကုသိုလ်အလုပ်ကို မလုပ်ရန် မိန့်ကြားလေသည်။

Copyright © 2025. Economic Education Program, Inya Economics. 

## ခေတ်ပြိုင် အင်္ဂလန်နှင့် ပြင်သစ်ပြည်

အင်္ဂလန်ပြည်ရှိ အမြို့မြို့အနယ်နယ်မှ ကုန်သည်များဖြင့် ဖွဲ့စည်းထားသော "စွန့်လွှတ်စွန့်စား ကုန်သည်ကြီးများအသင်း" မှ အဖွဲ့ဝင် ကုန်သည်များ လိုက်နာရန် စည်းမျဉ်းများကို ထုတ်ပြန်လိုက်လေသည်။ ရိုင်းစိုင်းသော အသုံးအနှုန်းများ မသုံးရ၊ မဆဲဆိုရ၊ အဖွဲ့ဝင်အချင်းချင်း ရန်မဖြစ်ရ မှသည် ဖဲမရိုက်ရ၊ အိမ်တွင် အမဲလိုက်ခွေးမမွေးရ၊ လမ်းတွင် ရုပ်ပျက်ဆင်းပျက်သည်အထိ အထုပ်အပိုးများဖြင့် မသွားလာရ စသည် အထိပါဝင်လေ သည်။ ကုန်သည်အဖွဲ့အစည်းထက် မိသားစု အသင်းအပင်းတစ်ခုနှင့်ပင် တူနေသေးတော့သည်။

ပြင်သစ်ပြည်တွင် ရက်ကန်းလုပ်ငန်းများမှာ များစွာ နောက်ကျနေရာ ဝန်ကြီးကိုလ်ဘတ် (Colbert) က ၁၆၆၆ တွင် ပြုပြင်ရေး အတွက် စည်းမျဉ်းဥပဒေသစ်တစ်ရပ် ကို ထုတ်ပြန်လိုက်လေသည်။ ယင်းဥပဒေတွင် "ဒီဂျွန်းနှင့် ဆီလန်ဂေး ဒေသ ထွက် အထည်များမှာ အနားသတ်များအပါအဝင် ချည်မျှင် တစ်ထောင့်လေးရာ ရှစ်ခု အတိအကျပါဝင်ရမည်၊ အပိုအလို မရှိစေရ၊ အေဗာလွန်နှင့် အခြား ရက်ကန်းမြို့ နှစ်မြို့ထွက် အထည်များမှာ ချည်မျှင်ပေါင်း တစ်ထောင့်သုံးရာ ခုနှစ်ဆယ့်ခြောက်ခု၊ ရှက်တလွန်ဒေသထွက်များမှာ တစ်ထောင့်နှစ်ရာ တစ်ဆယ့်ခြောက်ခု ပါဝင်ရမည်၊ အပိုအလို မရှိစေရ၊ သတ်မှတ်ချက်နှင့် မကိုက်ညီသော အထည်များအား အများသူငှာ သုံးစွဲရန် မသင့်ကြောင်း ကြေညာခံရမည်။ သုံးခါနှင့်အထက် ကြေညာခံရလျှင် ရက်ကန်းရုံပိုင်ရှင်အား ဒဏ်ရိုက်မည်။ " စသည်ဖြင့် အသေးစိတ်ပါဝင်လေသည်။



**၁၈ ရာစု ပြင်သစ် ရက်ကန်းရုံ အတွင်းပုံ**

Pic – Rodoma, Anonymous depiction of a silk weaver' s atelier, 1820s, Musée Gadagne, Lyon

Copyright © 2025. Economic Education Program, Inya Economics.

ဆိုခဲ့သော ကမ္ဘာပေါင်း အသီးသီးတွင် တူညီသောအချက်များရှိလေသည်။ ပထမတစ်ချက်မှာ ကိုယ်ကျိုးစီးပွားကို ဗဟိုပြုသော ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ် မတွင်ကျယ်သေးခြင်းဖြစ်သည်။ ဒုတိယတစ်ချက်မှာ လူတို့၏ စီးပွားရေး အလုပ်အကိုင်၊ အလေ့အကျင့်များမှာ လူမှုအဖွဲ့အစည်း၏ နိုင်ငံရေး၊ လူမှုရေး ဓလေ့များ နှင့် ဘာသာတရား အဆုံးအမများ၏ လွှမ်းမိုးမှုအောက်မှ ရုန်းမထွက်နိုင်သေးခြင်း ဖြစ်သည်။ အနှီ ကိုယ်ကျိုးစီးပွား ဗဟိုပြုကမ္ဘာနှင့် ဘာသာရေး ဗဟိုပြု လူမှုဓလေ့ကမ္ဘာတို့ လမ်းမခွဲနိုင်သမျှ ကာလပတ်လုံး ကမ္ဘာသစ် ပေါ်ထွက်လာရန် အခြေအနေ မရှိခဲ့ချေ။

ကိုယ်ကျိုးစီးပွား အယူအဆမှာ ခေတ်သစ်မှ တွင်ကျယ်လာသော အယူအဆတစ်ရပ် ဟုဆိုလျှင် စာဖတ်သူ စောတက တက်ကောင်းတက်ပေမည်။ လူတို့မှာမွေးကတည်းက ကိုယ်ကျိုးစီးပွားကို စောင့်ရှောက်တတ်သော သတ္တဝါများဖြစ်ရာ ထိုနည်းအတိုင်းပင် သမိုင်းတစ်လျှောက် ကျင့်ကြံခဲ့ပေမည်ဟု ယူဆနိုင်သည်။ သို့သော် ယနေ့ထိတိုင် အမြတ်အစွန်းသီးသန့် အတွက် ရောင်းဝယ်ဖောက်ကားခြင်းကို လက်မခံနိုင်သေးသည့် (ဝါ) သတိမမူနိုင်သေးသည့် လူ့အဖွဲ့အစည်းများစွာရှိလေသည်။ ဆယ့်ခုနစ်ရာစုတွင် အင်္ဂလန် လုပ်သားထု ကိုယ်ကျိုးစီးပွား အလေးမထားပုံကို ဆာဝီလီယံ ပစ်တီ ( Sir William Petty - ကျမ်းရိုးဟောင်း ဘောဂဗေဒ ၏ ရှေ့ပြေး နိုင်ငံရေး ဂဏန်းသင်္ချာဂိုဏ်းကို ထူထောင်သူ) က "အင်္ဂလန်ပြည်တွင် လုပ်သားရှားပါးရာမှ လုပ်အားခ ကြီးမြင့်သည်ကို အခွင့်ကောင်းယူကာ အလုပ်သမားတို့သည် ဗိုက်ဝရုံ၊ သေရည်သောက်ရရုံ လုပ်အား အတွက်သာ အလုပ်လုပ်တော့လေသည်" ဟု ဝေဖန်လေသည်။ ဆာဝီလီယံ ၏ ဝေဖန်ချက်မှာ အလုပ်သမားလူတန်းစား အပေါ် ဘူဇွာတို့၏ အမြင်သက်သက်တော့ မဟုတ်ချေ။ အခြားသော စက်မှုလုပ်ငန်း မထွန်းကားသည့် တိုင်းနိုင်ငံများတွင်လည်း လူနေမှုအဆင့်အတန်း၊ လုပ်အားခဖြင့် အလုပ်လုပ်ကိုင်သည့် သဘောတရားကို နားမလည်သော၊ စက်ရုံ အလုပ်သမားဘဝကို မနှစ်မြို့သော ဒုတိယတန်း လုပ်သားထုမှာ လုပ်အားခ တက်လာသည်နှင့် ပုံမှန်အလုပ်လုပ်ကိုင်လိုစိတ် (လုပ်အားခ တက်လာလျှင် ကိုယ်ကျိုးစီးပွား အတွက် ပိုမိုအလုပ်ကိုင်ရမည့်အစား) လျော့နည်းသွားကာ အလုပ်ချိန် အနည်းငယ်သာ လုပ်ကိုင်ကြလေ သည်။ ရှေးအီဂျစ်ပြည်၊ ဂရိပြည်၊ ရောမအင်ပါယာနှင့် အလယ်ခေတ် ယဉ်ကျေးမှုများတွင် ကိုယ်ကျိုး စီးပွားကို ရှေ့တန်းတင်၍ အလုပ်လုပ်သော ဓလေ့ မထွန်းကားခဲ့ပေ။ ရီနေးဆန့် (Renaissance) နှင့် ပရိုတက် စတန့် ပြုပြင်ရေး (Reformation) ကာလများ ရောက်မှသာလျှင် ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုမှာ ဟိုတစ်စ ဒီတစ်စ ပေါ်ထွက်လာခြင်းဖြစ်သည်။ သို့နှင့်တိုင် အရှေ့တိုင်းယဉ်ကျေးမှုတွင် ကိုယ်ကျိုးစီးပွားကဏ္ဍမှာ သမိုင်း တလျှောက် မရှိသလောက် ဖြစ်သည်။ ပမာဆိုရသော် ကိုယ်ကျိုးစီးပွားရှာဖွေလိုမှုမှာ ပုံနှိပ်စက်ကဲ့သို့ ကမ္ဘာသစ်၏ တီထွင်မှု တစ်ရပ်ပင်ဖြစ်သည်။

ကိုယ်ကျိုးစီးပွား အယူအဆမှာ သမိုင်းတွင် အလွယ်တကူ ပျံ့နှံ့ခဲ့ခြင်းမဟုတ်ပေ။ ကိုယ်ကျိုးစီးပွားအတွက် အသံများ ကျယ်လောင်လာသည့်အလျောက် ဓနဥစ္စာ စုဆောင်းမှုအပေါ် ကမ္ဘာဟောင်း၏ ကန့်သတ်ချက်များ မှာ

ပိုမိုတင်းကျပ်လာခဲ့ပြီး ဖွံ့ဖြိုးမှုကို နှောင့်နှေးစေခဲ့လေသည်။ အလယ်ခေတ်တွင် ကျောင်းတော်က "မည် သည့် ခရစ်ယာန်ဘာသာဝင်မှ ကုန်သည်အလုပ်ဖြင့် အသက်မွေးမှု မပြုသင့်" ဟူသော သင်ကြားချက် အောက် တွင် ကုန်သည်လူတန်းစားမှာ နတ်သုဒ္ဒါပေါ်မှ မစင်အလား ရှုမြင်ခံခဲ့ရလေသည်။ ရှိတ်စပီးယား စာပေ ကြီးစိုးသော ခေတ်တွင် အထက်တန်းလွှာမှအပ သာမန်လူတန်းစားတို့အတွက် လူ့ဘဝ၏ အန္တိမ ရည်ရွယ် ချက်မှာ အတောမသတ်နိုင်သော ပိုင်ဆိုင်မှုများမဟုတ်၊ လက်ရှိဘဝကို ရောင့်ရဲတင်းတိမ်နိုင်မှုပင် ဖြစ်သည်ဟု ရှုမြင်ခဲ့သည်။ မိမိတို့၏ သာသနာပြု ပုဂ္ဂိုလ်များ (Pilgrim ဟုခေါ် - အမေရိကန် ကိုလိုနီ၏ သမိုင်းအစ ဟု ယူဆထားသည့် ပလေမောက်ဒေသကို အင်္ဂလိပ် ကျောင်းတော်နှင့် သဘောထားကွဲလွဲ၍ ပြောင်းရွှေ့လာ သော ပျူရီတန်များ) ကပင် ကိုယ်ကျိုးစီးပွား မှာ မကောင်းမှုဒုစရိုက်သာ ဖြစ်သည်ဟု ဟောပြောခဲ့ကြလေသည်။



**ပျူရီတန်များ မြောက်အမေရိကတိုက်တွင် နေးတစ် အမေရိကန်များနှင့်အတူ ပထမဦးဆုံးအကြိမ် ကျေးဇူးတော်ချီးမွမ်းပွဲ ဆင်နွှဲနေပုံ**

Pic - "The First Thanksgiving" – Jean Leon Gerome Ferris (1863 – 1930)

မနေ့ဥစ္စာမှာ သမ္မာကျမ်းစာ အဆုံးအမများအရ လောဘစိတ်ကို ဖြစ်စေသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် တစ်ဦးချင်း ကြွယ်ဝချမ်းသာမှုပြိုင်ဆိုင်မှုကြားမှ ထွက်ပေါ်လာသော မနာလိုဝန်တိုမှုနှင့် လူထုလူတန်းစား ကြွယ်ဝချမ်းသာမှုအတွက် ရုန်းကန်မှုကို ထပ်တူချ၍ မရချေ။ ကမ္ဘာဟောင်းတွင် ခေတ်အဆက်ဆက် ဖိုနီးရှန်း

Copyright © 2025. Economic Education Program, Inya Economics.

သင်္ဘောသားများ၊ ရောမ ဈေးသည်များ၊ ဗင်းနစ်ကုန်သည်များ၊ ဂျာမန် လုပ်ငန်းရှင်များ၊ အရှေ့အိန္ဒိယ ကို စွန့်စားသွားလာကြသော စပိန်နှင့် ပေါ်တူဂီ သင်္ဘောသားများ၊ စသူတို့မှာ တစ်ဦးချင်းကြွယ်ဝမှုအတွက် နည်း အမျိုးမျိုးဖြင့် ရုန်းကန်ခဲ့ ကြသော်လည်း လူ့အဖွဲ့အစည်း တစ်ရပ်လုံး ကြီးပွားတိုးတက်ရန်အတွက် စွန့်စွန့် စားစား မဆောင်ရွက်ခဲ့ကြပေ။ ချမ်းသာလိုသော လူနည်းစုက ထိုသို့ ပင်လယ်ဖြတ်ကျော် စွန့်စား ကူးသန်းကြ သော်လည်း သူကြွယ်များအပါအဝင် ကမ္ဘာဟောင်း၏ လူဦးရေအများစုမှာ ကိုယ်ကျိုးစီးပွားအပေါ် များစွာ မခုံမင်ကြချေ။ ဥပမာ - တစ်ဆယ့်ခြောက်ရာစုတွင် ဂျာမန်ဘဏ်လုပ်ငန်းကို ကြီးစိုးခဲ့သော ဖက်ဂ်ဂျာ မိသားစု ဖြစ်သည်။ ဖက်ဂ်ဂျာ မိသားစု ရွှေထီးဆောင်းခဲ့သောကာလများတွင် ငွေတွင်း၊ ရွှေတွင်း များပိုင်ဆိုင်ရုံသာမက အထူးကုန်သွယ်ခွင့်များ၊ ကိုယ်ပိုင်ငွေကြေး ရိုက်နှိပ်ခွင့်များပင် ရရှိလေသည်။ ဖက်ဂ်ဂျာ မိသားစု၏ ပိုင်ဆိုင်မှု မှာ ထိုခေတ်က ဥရောပ ဘုရင်များထက်ပင် ပို၍ ယင်းဘုရင်များ စစ်အသုံးစရိတ်ကိုပင် ချေးပေးရသည်အထိ ချမ်းသာလေသည်။ သို့သော် သူဌေးကြီး အန်တွန် ဖက်ဂ်ဂျာ ကွယ်လွန်သော် ထို ဓနအင်ပါယာ ကို ဆက်ခံမည့် သူမရှိချေ။ အနီးစပ်ဆုံး ဆွေမျိုးတော်သူ တူ သုံးယောက်အနက် တူ အကြီးမှာ တိုင်းရေးပြည်ရေးကိုသာ ဦးစား ပေးမည်ဟုဆိုကာ ငြင်းလေသည်။ ဒုတိယ တူမှာ ငြိမ်းငြိမ်းချမ်းချမ်းသာ နေချင်သည်ဟု ဆိုကာ ငြင်းလေ သည်။ တူအထွေးလေးမှလည်း ဘဏ်လုပ်ငန်းအပေါ် စိတ်ဝင်စားမှု အလျဉ်းမရှိဟု ဆိုကာ ငြင်းလေသည်။ ပုဂ္ဂလိက ကြွယ်ဝချမ်းသာမှုမှာ ကမ္ဘာဟောင်းတွင် ပထမဦးစားပေး မဟုတ်ခဲ့သောကြောင့် ဖက်ဂ်ဂျာ လုပ်ငန်း စုကြီးမှာ မျိုးဆက် တစ်ဆက်တည်းနှင့်တင် နိဂုံးချုပ်ခဲ့ရလေသည်။

ကမ္ဘာဟောင်းတွင် ဘုရင်များနှင့် ဖက်ဂ်ဂျာ မိသားစုကဲ့သို့ ဟိုတစ်စ ဒီတစ်စ ပေါ်ထွက်လေ့ရှိသော သူကြွယ် မိသားစုများမှအပ ရှေးပြေး အရင်းရှင်များမှာ လူ့အဖွဲ့အစည်း အတွင်းအရေးမပါခဲ့ချေ။ အရေးမပါသည့် အပြင် လူ့အဖွဲ့အစည်းအား မကောင်းမှုလောဘတွင်းသို့ ဆွဲချနေသူများဟု ဆိုကာ ပိုင်းကျင်ခံခဲ့ရလေသည်။ တမလွန်တွင် ထာဝရရှင်သန်နိုင်ရန် လက်ရှိဘဝတွင် ဘုရားသခင်အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်ရမည် ဟု ဆိုသော ဘာသာရေးအယူသည်းထန်သည့် ကမ္ဘာဟောင်းမှာ စွန့်ဦးတီထွင်ကို အခြေခံသော စီးပွားရေးလုပ်ငန်း များ ပေါ်ပေါက်လာရန် ရေခံမြေခံကောင်း မဟုတ်ခဲ့ချေ။ အာဏာပိုင် ဘုရင်တို့အတွက် တစ်ခုတည်းသော အလိုမှာ ဘဏ္ဍာတိုက်ပြည့်ရေး ဖြစ်ရာ ထိုအတွက် စစ်ပွဲများစွာကို ဆင်နွှဲကြသည်။ မင်းစိုးရာဇာ အထက်တန်း လွှာများ အတွက် တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဘုရင်က ချီးမြှောက်သော မြေစား၊ နယ်စားများ ဖြစ်လာ ရေးဖြစ်သည်။ အဆောင်အယောင် ပကာသန လွှမ်းမိုးသော ထိုလူတန်းစားမှာ မြေယာများ ရောင်းဝယ်သည့် အလုပ်ကို အဆင့်အတန်း နိမ့်ကျသော အလုပ်ဟုမှတ်ယူကြသည်။ အခြားသော သာမန်လူတန်းစားများ ဖြစ်သည့် လယ်သမားများ၊ လက်မှုပညာသည်များ၊ ကုန်ထုတ်သူများ၊ ကုန်သည်များ အတွက်မှာလည်း မိမိ၏ လုပ်ငန်းကို ဆက်ခံလုပ်ကိုင်မည့် မိသားစုဝင်များ ရှိနေသ၍ ကိုယ်ကျိုးစီးပွားအတွက် များစွာ မကြောင့်ကြ ကြပေ။

Copyright © 2025. Economic Education Program, Inya Economics.

တစ်ဆယ်နှင့် အဒမ်စမစ် မပေါ်မှီ နှစ်ရာစု၊ တစ်ဆယ့်ခြောက်ရာစုကြား ကြာညောင်းခဲ့သော ကမ္ဘာဟောင်း တွင် "အကျိုးအမြတ်"၊ "အမြတ်အစွန်း" စသော အသုံးအနှုန်းများကို ကျောင်းတော်၏ အပုပ်ချ ဆန့်ကျင်မှု များအကြား တွင်ကျယ်စွာ အသုံးမပြုခဲ့ရပေ။ အသက်မွေးဝမ်းကြောင်းပြုသည် ဆိုသည်မှာလည်း ဝမ်းဝရုံမှ အပ အခြား အဓိပ္ပာယ် များများစားစား မရှိခဲ့ပေ။ လူတို့၏ လူမှုရေးဘဝနှင့် စီးပွားရေးဘဝမှာ တစ်ထပ်တည်း ဖြစ်ရာ ငွေများများ ရှာသည့်နည်းဖြင့် ချမ်းသာလိုစိတ်မရှိသည့်အလျောက် အလုပ်လုပ်ကိုင်ခြင်းမှာ နေ့တစူ လုပ်ငန်းဆောင်တာတစ်ခုသာ ဖြစ်ခဲ့လေသည်။ ရာစုနှစ်ပေါင်းများစွာတွင် ဝမ်းဝရုံမျှ အသက်မွေးခြင်းကိုပင် ဘုရားအလိုကျ နေထိုင်ရှင်သန်နည်းဟု ဆိုကာ ရောင့်ရဲတင်းတိမ်ခဲ့ကြသည်။ သို့သော် သမိုင်းမှာ ရပ်တန့် မနေပဲ လည်ပတ်နေသည်သာ ဖြစ်ရာ ကမ္ဘာဟောင်းမှာ ထာဝရ မတည်တံ့ခဲ့ချေ။ ဘုရားအလိုကျ ရှင်သန်နည်း ကို စိန်ခေါ်နိုင်သော စနစ်တစ်ခုကို လူတို့ သွယ်ဝိုက် ဖန်တီးလိုက်ရာမှ လူ့သမိုင်း တစ်ဆစ်ချိုးခဲ့ရလေသည်။ ထို တီထွင်ဖန်တီးလိုက်သော စနစ်မှာ တစ်ခြားမဟုတ်။ ဈေးကွက် စနစ်ပင် ဖြစ်လေသည်။

**ဆက်ရန်**

**N.B : Robert L. Heilbroner ရေး *"The Worldly Philosophers : The lives, Times and Ideas of the Great Economic Thinkers"* မှအခန်း (၂) "The Economic Revolution" ၏ ဆီလျော်သလို ဘာသာပြန်ဆိုချက် ဖြစ်ပါသည်။**


Copyright © 2025. Economic Education Program, Inya Economics.

# နိုင်ငံတို့၏ ဓန

### အခန်း (၁) ၊ လုပ်အားကို ခွဲဝေအသုံးချခြင်း

## The Wealth of Nations. Chapter (1) : Of the Division of Labour

**မောင်လူအေး**



**အဒမ်စမစ် (၁၇၂၃ - ၁၇၉၀)**


လုပ်အားကို ခွဲဝေလုပ်ကိုင်ခြင်းဖြင့် အလုပ်သမားတို့၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် ထုတ်လုပ်မှုစွမ်းရည်မှာ တိုးတက် လာလေသည်။ လုပ်အားကို များများ ခွဲဝေအသုံးချနိုင်လေလေ၊ လုပ်အား၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်လာလေလေ ဖြစ်သည်။ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို အနီးကပ်လေ့လာလျှင် ဤသဘောတရား ကို သိမြင်နားလည်နိုင်လေသည်။ လူတို့၏ အကြီးစားလိုအပ်ချက်များအတွက် ဦးတည်ထုတ်လုပ်သော ကုန်ထုတ်လုပ်ငန်းကြီးများတွင် ထိုလုပ်အားခွဲဝေ အသုံးချခြင်းသဘောတရားကို ကောင်းစွာ မတွေ့မြင်နိုင်ပေ။ ထိုသို့သော လုပ်ငန်းကြီးများကို ရောမလုပ်သား အရည်အတွက်နှင့် ဌာနခွဲ မြောက်မြားစွာတို့ ပူပေါင်း ဆောင်ရွက်၍ လည်ပတ်ရသည်ဖြစ်ရာ လုပ်အားခွဲဝေ၍ လုပ်ကိုင်ကြပုံကို ရုတ်ချည်း မတွေ့မြင်နိုင်ပေ။ အသေးစား လိုအပ်ချက်များအတွက် ဦးတည်ထုတ်လုပ်သော လုပ်ငန်းငယ်များမှာမူ အလုပ်သမား အနည်း ငယ်နှင့် စက်ရုံ (သို့


အလုပ်ရုံငယ်တစ်ခုထဲတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ် အစအဆုံး ပြီးစီးလေရာ လုပ်အားခွဲ ဝေခြင်းသဘောတရားကို ပိုမိုသိသာစွာ တွေ့မြင်နိုင်လေသည်။ သို့ရာတွင် လုပ်ငန်းကြီးဖြစ်စေ၊ လုပ်ငန်းငယ် ဖြစ်စေ ထုတ်လုပ်နိုင်စွမ်း တိုးတက်ရန်အတွက် လုပ်အားကို ခွဲဝေလုပ်ကိုင်နိုင်ရန် လိုအပ်စမြဲဖြစ်သည်။

ဥပမာ ပင်အပ်ထုတ်လုပ်သော အလုပ်ရုံတခု ဆိုပါစို့။ ပင်အပ်ထုတ်လုပ်ခြင်း အတတ်ကို ကောင်းစွာ မတတ်ကျွမ်းသော၊ ထုတ်လုပ်ရေးဖြစ်စဉ်တွင် စက်ကရိယာများကို အသုံးချနိုင်စွမ်းမရှိသော လုပ်သက်နု လုပ်သားတစ်ဦးသည် တစ်နေ့တွင် အနည်းဆုံး ပင်အပ်တစ်ချောင်းမှ အများဆုံး အချောင်းနှစ်ဆယ်သာ အစအဆုံး ထုတ်လုပ်နိုင်ပေမည်။ သို့ရာတွင် ထုတ်လုပ်ရေးဖြစ်စဉ် အစအဆုံးကို အလုပ်သမားတစ်ဦးအစား အလုပ် သမားအရေအတွက် များများဖြင့် ခွဲဝေလုပ်ကိုင်လျှင် ထွက်ကုန်အရည်အတွက်မှ တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားပေမည်။ အလုပ်သမားတစ်ဦးသည် မီးလင်းဖိုမှ နန်းကြိုးများ ဆွဲထုတ်သော အလုပ်ကိုသာ လုပ်၏။ နောက်တစ်ဦးသည် ယင်းနန်းကြိုးများအား ဖြောင့်တန်းအောင်လုပ်မည်။ နောက်တစ်ဦးလျှင် လိုအပ်သော အပ်အရှည်ရရန် ဖြတ်တောက်မည်။ နောက်တစ်ဦးလျှင် အပ်များ၏ ထိပ်ကို ချွန်အောင် သွေးမည် အစရှိသည် ဖြင့် ထုပ်လုပ်မှုလုပ်ငန်းစဉ်ပေါင်း တစ်ဆယ့်ရှစ်ခုကို အလုပ်သမားတစ်ဦးလျှင် လုပ်ငန်းစဉ်တစ်ခု (သို့) နှစ်ခု၊ သုံးခုကို ခွဲဝေ၍ သင့်လျော်သော စက်ကိရိယာများနှင့် တွဲဖက်လုပ်ကိုင်မည်ဆိုလျှင် အလုပ်သမား ဆယ်ယောက်သည် တစ်နေ့တွင်အနည်းဆုံး ပင်အပ်တစ်ပေါင် (တစ်ပေါင်လျှင် အလယ်အလတ်အရွယ် ပင်အပ် အချောင်း လေးဆယ်ခန့် ပါဝင်၏ ) မှ အများဆုံး ပင်အပ် ဆယ့်နှစ်ပေါင် ( ပင်အပ်ပေါင်း လေးသောင်း ရှစ်ထောင်) အထိ ထုတ်လုပ်နိုင်လေသည်။ အလုပ်ကို ခွဲဝေလုပ်ကိုင်စေခြင်းဖြင့် အလုပ်သမားတစ်ဦး၏ ထုတ်လုပ်နိုင်စွမ်းမှာ အပ်အချောင်းနှစ်ဆယ်မှ အချောင်းလေးရာ့ရှစ်ဆယ် အထိ တိုးသွားလေသည်။

အခြားသော ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်း လုပ်အားကို ခွဲဝေအသုံးချသော နည်းဖြင့် ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ကြလေသည်။ ကုန်ထုတ်လုပ်ရေးများတွင် မတူညီသော အလုပ်များ ပေါ်ထွက်လာခြင်းမှာ လည်း ဤသဘောတရားကြောင့် ဖြစ်သည်။ ခေတ်မှီစက်မှုလုပ်ငန်းများ ထွန်းကားသော တိုင်းနိုင်ငံများတွင် လုပ်အားကို အများဆုံး ခွဲဝေလုပ်ကိုင်ကြရာ ဆင်းရဲသော နိုင်ငံတွင် အလုပ်သမားတစ်ဦးတည်း၏ လုပ်အားဖြင့် ထုတ်လုပ်သော ရောင်းကုန်ကို ထိုတိုင်းနိုင်ငံများတွင် အလုပ်သမား အများအပြားဖြင့် အဆင့်အတန်းမြင့်မြင့် ထုတ်လုပ်ကြလေသည်။ ချမ်းသာသောနိုင်ငံများတွင် ကျွမ်းကျင်ရာ လိမ္မာရာအလုပ်ကိုသာ ရွေးချယ်လုပ်ကိုင် ကြရာ လယ်သမားမှာ လယ်အလုပ်ကိုသာလုပ်၍ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူမှာ ကုန်ထုတ်သည့် အလုပ်ကိုသာလုပ်ကိုင်လေသည်။ အထည်လုပ်ငန်းတွင် လျှော်ပင်ခင်းများမှသည် ဈေးတွင် တင်ရောင်းသော အဆင့် အထိ ရောက်လာရန်အတွက် လျှော်စိုက်ရသော လယ်သမား၊ လျှော်များကို ချည်ဖြစ်လာအောင် ရက်လုပ်ရသူ၊ ဆေးဆိုးရသူ၊ အချောသတ်ရသူ စသည်ဖြင့် အဆင့်ဆင့် ခွဲဝေ လုပ်ကိုင်ကြရလေသည်။

Copyright © 2025. Economic Education Program, Inya Economics.





**အဒမ်စမစ်၏ ပင်အပ်ရုံ**

Pics – Adam Smith's Works

စိုက်ပျိုးရေးလုပ်ငန်းတွင်မူ ဤသဘောမှာ ချွင်းချက်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းမှာ ကုန်ထုတ်လုပ်ငန်းများကဲ့သို့ တစ်ချိန်တည်း တစ်နေရာထဲတွင် အဆင့်ဆင့် လုပ်ကိုင်သွား၍ မရ။ ပင်အပ်ရုံ အလုပ်သမားနှင့် လက်သမားမှာ အလုပ်သဘောအရ လုံးဝကွဲပြားသော်လည်း ကျွဲကျောင်းသားမှာ လယ်လုပ်သည့် အလုပ်ကို လည်း ဝင်ရောက်လုပ်ကိုင်နိုင်လေသည်။ အထည်လုပ်ငန်းတွင် ချည်ရက်လုပ်သူနှင့် အချောသတ် အထည်ချုပ် သူတို့မှာ သီးခြားစီဖြစ်သော်လည်း လယ်ယာမြေတွင်မူ ပျိုးကြဲသူ၊ ရိတ်သိမ်းသူမှာ လယ်သမားတစ်ဦးတည်း ပင်ဖြစ်သည်။ မိုးရာသီတွင် ပျိုးကြဲ၍ နွေဦးတွင် ရိတ်သိမ်း ခြင်းဖြင့် ရာသီအလိုက် အလုပ်လုပ်ကြရာ စိုက်ပျိုး



Copyright © 2025. Economic Education Program, Inya Economics.

ရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်ငန်းများကဲ့သို့ လုပ်အားခွဲဝေခြင်းဖြင့် ထုတ်လုပ်နိုင်စွမ်း တိုးမြင့်ရန် အခွင့်အလမ်း များများစားစား မရှိပေ။ ထို့ကြောင့် ချမ်းသာသော နိုင်ငံအများစုမှာ ကုန်ထုတ်လုပ်ငန်း နှင့် စိုက်ပျိုးရေးလုပ်ငန်းနှစ်မျိုးလုံးတွင် ဆင်းရဲသော နိုင်ငံများထက် သာသည်ဟု ဆိုနိုင်သော်ငြား ကုန်ထုတ်လုပ်ငန်းတွင်သာ ပို၍ တိုးတက် ထွန်းကားလေ့ရှိ၏။ စိုက်ပျိုးရေးလုပ်ငန်းတွင်မူ ချမ်းသာသောနိုင်ငံရှိ လယ်သမားတစ်ဦး၏ ထုတ်လုပ်နိုင်စွမ်းမှာ ဆင်းရဲသောနိုင်ငံရှိ လယ်သမားတစ်ဦး၏ ထုတ်လုပ်နိုင်စွမ်းထက် သာသည်ဟူ၍ တထစ်ချ ပြောဆို၍ မရချေ။ ထို့ကြောင့် ချမ်းသာသော နိုင်ငံမှ ထွက်သည့် ပြောင်းသည် ဆင်းရဲသော နိုင်ငံထွက် ပြောင်းထက် ဈေးပေါ၍ အမြဲတမ်း အရည်အသွေးကောင်းနေမည်ဟု ဆို၍မရချေ။ ပိုလန်ပြည်မှာ ပြင်သစ် ပြည်ထက် များစွာ ဖွံ့ဖြိုးမှုနိမ့်ကျသော်လည်း ပိုလန်မှ ပြောင်းသည် ပြင်သစ်ထွက် ပြောင်းနှင့် အရည်အသွေး နှင့် ဈေးနှုန်းမှာ အတူတူပင်ဖြစ်သည်။ အလားတူစွာပင် ပြင်သစ်ပြည်သည် အင်္ဂလန်ပြည်ထက် နောက်ကောက် ကျသော်လည်း ပြင်သစ်ထွက် ပြောင်းနှင့် အင်္ဂလန်ထွက်ပြောင်းအကြား များစွာ ခြားနားမှုမရှိပေ။ ပြင်သစ်၏ ပြောင်းစိုက်ခင်း၊ အင်္ဂလိပ် ပြောင်းစိုက်ခင်းများမှာ ပိုလန် ပြောင်းစိုက်ခင်းများထက် များစွာ သာနား၍ စနစ်ကျသော်ငြား ထုတ်ကုန်ဖြစ်သော ပြောင်းမှာ အရည်အသွေးနှင့် ဈေးနှုန်းအရ များစွာ ထူးခြားမှု မရှိပေ။ အမှန်စင်စစ် လူနေမှု အဆင့်အတန်းအရ နိမ့်ကျပြီး စက်မှုလုပ်ငန်းမတွင်ကျယ်သော ပိုလန်ပြည်မှာ ပြောင်းစိုက်မျိုးရန် အလွန်သင့်တော်သော မြေဆီလွှာနှင့် ရာသီဥတုရှိလေရာ တွက်ချေကိုက် စိုက်ပျိုးနိုင်သဖြင့် ချမ်းသာသော နိုင်ငံများ၏ ပြောင်း၏ အရည်အသွေးနှင့် ဈေးနှုန်းကို ကောင်းစွာ ယှဉ်ပြိုင်နိုင်လေသည်။ အလားတူစွာပင် ပြင်သစ်၏ ရာသီဥတုမှာ အင်္ဂလန်နှင့် ယှဉ်လျှင် ဝါပင်၊ လျော်ပင်များ စိုက်ပျိုးရန် ပိုမိုသင့်တော်ရကား ပြင်သစ်၏ အထည် လုပ်ငန်းမှာ အရည်အသွေးမြင့်မြင့်နှင့် တွက်ချေကိုက် ထုတ်လုပ်နိုင်လေသည်။ သို့သော် ခေတ်မှီ စက်ပစ္စည်း များဖြင့် လည်ပတ်သော အင်္ဂလိပ် သိုးမွေးထည်လုပ်ငန်းမှာ ကမ္ဘာထိပ်တန်း ဖြစ်လေရာ ပြင်သစ် သိုးမွေး တစ်ထည်နှင့် အင်္ဂလိပ် သိုးမွေးတစ်ထည် ယှဉ်လျှင် အရည်အသွေး တူညီသည့်တိုင် အင်္ဂလိပ် သိုးမွေးထည် မှာ ပို၍ ဈေးချိုလေသည်။ ပိုလန်ပြည်တွင်မူ တစ်ပိုင်တစ်နိုင် အဝတ်ချုပ်သည့်လုပ်ငန်းများမှအပ မည်သည့် အထည် လုပ်ငန်းမှ မထွန်းကားရာ ရွေးချယ်စရာ အများအစား မရှိချေ။

လုပ်အားကို ခွဲဝေအသုံးချခြင်းမှ ထွက်ပေါ်လာသော အကျိုးကျေးဇူး သုံးရပ်ကြောင့် လုပ်သား၏ ထုတ်လုပ်နိုင်စွမ်းမှာ အဆမတန် တိုးပွားသွားလေသည်။ ယင်း အကျိုးကျေးဇူး သုံးရပ်မှာ (၁) အလုပ်သမားတို့၏ တစ်ဦးချင်း လုပ်ငန်းကျွမ်းကျင်မှု တိုးမြင့်လာခြင်း၊ (၂) အလုပ်ပြောင်း အလုပ်လွှဲ အကြိမ်ပမာဏကို လျှော့ချ ခြင်းဖြင့် အချိန်ကို ပိုမို တွက်ချေကိုက် အသုံးချနိုင်ခြင်း၊ (၃) ထုတ်လုပ်မှုဖြစ်စဉ် အတွင်း အလုပ် တစ်ခုနှင့် တစ်ခုအကြား ချိတ်ဆက်ပေးသော စက်ကိရိယာများကို မဖြစ်မနေ တီထွင်အသုံးပြုရခြင်းကြောင့် အလုပ်အရေအတွက် များစွာကို တစ်ချိန်တည်း လုပ်ကိုင်နိုင်ခြင်း တို့ပင်ဖြစ်သည်။

Copyright © 2025. Economic Education Program, Inya Economics.

လုပ်အားကို ခွဲဝေလုပ်ကိုင်စေခြင်းကြောင့် အလုပ်သမားတစ်ဦးလျှင် ကုန်ထုတ်ဖြစ်စဉ်အတွင်း အလုပ်တစ်ခုကိုသာ ရွေးချယ် လုပ်ကိုင်ရလေသည်။ ထိုအလုပ်တစ်ခုကိုသာ တသမတ်ထဲ လုပ်ကိုင်ရသဖြင့် ကာလတစ်ခုကြာသော် ယင်းအလုပ်အား တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တက်မြောက်သွားရာ လုပ်ငန်းကျွမ်းကျင်မှုနောက် တွင် ထုတ်လုပ်နိုင်စွမ်း မြင့်မားမှုကလည်း ကျွဲကူးရေပါ လိုက်ပါလာလေသည်။ တူကိုင်သည့် အလုပ်ကိုသာ တစ်သက်လုံး လုပ်ကိုင်လာသည့် လက်သမားအား ပင်အပ် အလုပ်ရုံတွင် ဝင်ရောက်လုပ်ကိုင်စေလျှင် တစ်နေ့ လျှင် အများဆုံး ပင်အပ် နှစ်ရာမှ သုံးရာကြားသာ ထုတ်လုပ်နိုင်ပေမည်။ သို့သော် မိမိ (စမစ်) အနေဖြင့် ဘဝတစ်လျောက်လုံး ပင်အပ်ရုံ၌သာ လုပ်ကိုင်ခဲ့သော ဆယ်ကျော်သက် ကောင်လေးများ တစ်နေ့လျှင် ပင်အပ် အချောင်း နှစ်ထောင့်သုံးရာကျော် ထုတ်လုပ်နိုင်သည်ကို တွေ့မြင်ဖူးလေသည်။ ပင်အပ်လုပ်ငန်း မှာ အဘယ် နည်းနှင့်မျှ လွယ်ကူသည်မဟုတ်၊ အလုပ်သမား တစ်ဦးတည်း အစအဆုံး လုပ်ကိုင်ရန်မှာ မီးဖိုအား အဆက် မပြတ် ဖားဖိုထိုးရမည်၊ သံရည်ပူကို သမအောင် မွှေရမည်၊ ထို့နောက် ပန်းပဲဖိုတွင် ပေထု၍ ပုံသွင်းရမည်၊ အနှီ ထုတ်လုပ်မှု ဖြစ်စဉ်တစ်ရပ်လုံးတွင် မတူညီသော ကိရိယာမျိုးစုံကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရမည် စသည်ဖြင့် လုံးဝ မလွယ်ကူချေ။ သို့ရာတွင် ထိုထုတ်လုပ်မှု ဖြစ်စဉ် တစ်ရပ်လုံးအား လုပ်ငန်းငယ်များ အဖြစ် ခွဲဝေ လုပ်ကိုင်စေလျှင် အလုပ်သမား တစ်ဦးမှာ အလုပ်တစ်ခုကိုသာ အာရုံစိုက်၍ အခါထပ်ထပ် လုပ်ကိုင် ရသည့်အတွက် လုပ်ငန်းကျွမ်းကျင်မှုကို ရှိပြီးသား ဖြစ်လေသည်။ ထိုအခါ ကုန်ထုတ်လုပ်ငန်းစု၏ စုပေါင်း ထုတ်လုပ်နိုင်စွမ်း မှာလည်း အလိုအလျောက် မြင့်မားလာလေသည်။ အလုပ်တစ်ခုကို ထပ်ခါထပ်ခါ လုပ်ကိုင် ခြင်းဖြင့် ရရှိလာသော လျှင်မြန်မှုနှင့် လုပ်ငန်းကျွမ်းကျင်မှုမှာ လူသားတစ်ဦးက လုပ်ကိုင်နေသည်ဟု မထင်ရ လောက်အောင်ပင် အံ့သြဖွယ်ကောင်းလေသည်။

အလုပ်တစ်ခုနှင့် တစ်ခုအကြား အကူးအပြောင်းလုပ်သော ကြာချိန်ကို လျှော့ချခြင်းဖြင့် ရရှိသော အကျိုးများ မှာ မိမိတို့ ထင်ထားသည်ထက်ပို၍ များလေသည်။ အလုပ်ခွင်တစ်နေရာ မှတစ်နေရာ၊ ကိရိယာတစ်ခု မှတစ်ခု သို့ မြန်မြန်ဆန်ဆန် ရွှေ့ပြောင်းလုပ်ကိုင်ရန်မှာ မလွယ်ကူချေ။ အထည်လုပ်ငန်းတွင် အလုပ်သမားတစ်ဦးအား ဝါခင်း၌လည်း ဝါစိုက်ခိုင်းမည်၊ ရက်ကန်းရုံ၌လည်း ရက်ကန်းယက် ခိုင်မည်ဆိုလျှင် ထိုအလုပ်သမား၏ အလုပ်ချိန်အများစုမှာ ဝါခင်းနှင့် ရက်ကန်းရုံ အကြား ကူးပြောင်းနေခြင်းဖြင့်သာ ကုန်ဆုံးသွားပေမည်။ အလုပ်ရုံ တစ်ခုထဲတွင် အလုပ်နှစ်ခုကို စေခိုင်းလျှင် ပိုမိုထိရောက်နိုင်သော်လည်း ဤသဘောမှာ အမြဲမှန်မနေချေ။ လူ အများစုမှာ အလုပ်တစ်ခုနှင့် တစ်ခု ကူးပြောင်းရာတွင် အနည်းငယ် တုံ့ဆိုင်းတက်သော၊ စိမ်ပြေနပြေ လုပ်ကိုင် တတ်သော သဘောရှိလေသည်။ လုပ်သားကျနေသော အလုပ်မှ အလုပ်သစ်တစ်ခုကို ပြောင်းလုပ်ရသည်မှာ အလုပ်သမားတို့၏ လုပ်ချင်ကိုင်ချင်စိတ်ကို များစွာ ထိခိုက်စေလေသည်။ အလုပ်ပေါင်း (၂၀) ကျော်ကို ပုံစံမျိုးစုံဖြင့်တစ်နေ့ထဲ လုပ်ကိုင်ရသော ကျေးလက်အလုပ်သမားများတွင် အလုပ်ပြောင်းချိန်၌ (အနားယူရန် လိုအပ်သည့်အလျှောက်) ဤသို့ တုံ့ဆိုင်း တက်သည့်သဘောကို တွေ့ရပြီး အပေါ်ယံကြည့်လျှင် အပျင်းကြီး သည်၊ အလုပ်ကြိုးစားလိုစိတ်နည်းသည် ဟု ထင်မှတ်ပေမည်။ ထို့ကြောင့် အလုပ်သမားတစ်ဦးထဲအား လုပ်ငန်း


တာဝန်များစွာ စေခိုင်းခြင်းသည် လုပ်ငန်းကျွမ်းကျင်မှုကို များစွာထိခိုက်စေပြီး စုပေါင်းထုတ်လုပ်နိုင် စွမ်းကို ကျဆင်းစေလေသည်။

လုပ်အားကို သင့်တော်ရာ စက်ကိရိယာများ နှင့် ပေါင်းစပ် လုပ်ကိုင်စေခြင်းဖြင့် အလုပ်ပိုမို ပြီးမြောက်လေ သည်။ ကုန်ထုတ်လုပ်မှုဖြစ်စဉ် တစ်ခုတွင်ပါဝင်သော အလုပ်ခွဲများ တစ်ခုနှင့် တစ်ခု ချိတ်ဆက်ရာတွင် စက်ကိရိယာများကို အသုံးပြုရသည်မှာ တိုက်ရိုက်မဟုတ်သည့်တိုင်၊ အလုပ်ခွဲသဘောတရားကြောင့်ဟု ဆိုနိုင်လေသည်။ အလုပ်အများအပြားအား တစ်ချိန်တည်းလုပ်သည်ထက် အလုပ်တစ်ခုတည်းအား အာရုံစိုက်၍ လုပ်ရသော အခါတွင် အလုပ်သမားတို့သည် အလုပ်နှင့် တစ်ထပ်တည်းဖြစ်လာ၍ ပိုမို လွယ်ကူလျှင်မြန်စွာ အလုပ်ပြီးစီးနိုင်သော နည်းလမ်းများကို ရှာဖွေကြံဆလာလေသည်။ အလုပ်သမားတစ်ဦးသည် ကုန်ထုတ်လုပ်မှုအဆင့်တစ်ခုတွင် ပစ္စည်းတစ်ခုကိုသာ ရာနှုန်းပြည့် အာရုံစိုက်လုပ်ကိုင်ရသောအခါ ထိုပစ္စည်း၏ အရည်အသွေးအား အနည်းဆုံး လုပ်အားဖြင့် မြှင့်တင်နိုင်မည့် နည်းလမ်းများကို ရှာဖွေလာလေသည်။ ထို့ကြောင့် အလုပ်ကို ခွဲဝေလုပ်ကိုင်ကြသော လုပ်ငန်းကြီးများတွင် စက်ကိရိယာများကို ဦးစွာဖန်တီး တီထွင်သူများမှာ အလုပ်သမားများပင်ဖြစ်သည်။ အလုပ်သမားတို့မှာ အလုပ်သက်သာရန်အတွက် ရိုးရှင်းသော စက်ကိရိယာ များကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံဆသုံးစွဲသည်မှ အစပြု၍ ယနေ့ခေတ် လုပ်ငန်းသုံး အကြီးစား စက် ကိရိယာများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ မိမိ တွေ့မြင်ခဲ့သော ဥပမာတစ်ခုမှာ စက်ရုံတစ်ခုတွင် ပထမမျိုးဆက် မီးအင်ဂျင်နှင့် အလုပ်လုပ်ရသော ကောင်လေးတစ်ဦး၏ ဥပမာ ဖြစ်သည်။ ကောင်လေး၏ အလုပ်မှာ အင်ဂျင်၏ အတက်အကျကို လိုက်၍ ဘွိုင်လာနှင့် စလင်ဒါ ကြားရှိ ဆက်သွယ်မှုကို တစ်လှည့်စီ အဖွင့်အပိတ် လုပ်ပေးရန်ဖြစ်သည်။ သို့သော် အဆော့သန်သော ထိုကောင်လေးသည် ကစားဖော် ကလေးများ လာခေါ်သောအခါ လိုက်လိုသည့်အလျောက် ဤအလုပ်ကို မိမိမပါပဲ မည်သို့ ပြီးမြောက်စေမည်ကို တွေးတော ကြံဆလေသည်။ ထိုအခါ အဖွင့်အပိတ်လုပ်ရမည့်အဆို့အား စက်၏အစိတ်အပိုင်း တစ်ခုသို့ ကြိုးဖြင့် ချည် ထား လိုက်လျှင် လူမပါပဲ အလိုအလျောက် လည်ပတ်နိုင်သည်ကို လေ့လာတွေ့ရှိသွားလေသည်။ ကောင်လေး ၏ ကစားလိုသော စိတ်နှင့် အလားတူစွာပင် အလုပ်သမားတို့၏ လုပ်အားကို ချွေတာလိုသောစိတ်ကြောင့် လုပ်ငန်းခွင်တွင် လွယ်ကူ ရိုးရှင်းသော ကိရိယာများမှသည် အကြီးစား စက်ပစ္စည်းများအထိ ဖန်တီး သုံးစွဲလာ ကြလေသည်။

သို့သော် စက်ပစ္စည်းအားလုံးမှာ လုပ်ငန်းခွင်တွင် လက်တွေ့ အလုပ်လုပ်ရသော အလုပ်သမားတို့၏ အကြံ ဉာဏ် သက်သက်ဖြင့် ပေါ်ထွက်လာသည် မဟုတ်ပေ။ စက်ကိရိယာများမှာ ကုန်ထုတ်လုပ်ငန်းများတွင် မဖြစ်မ နေ အသုံးပြုလာကြရကား ယင်းစက်ကိရိယာများကို ဆန်းသစ်တီထွင်သည့် ပညာသည် လူတန်းစား တစ်ရပ် ပေါ်ပေါက်လာလေသည်။ ယင်း ပညာသည်တို့မှာ ကုန်ထုတ်လုပ်မှုဖြစ်စဉ် အစအဆုံးကိုလေ့လာ၍ သိပ္ပံနှင့် အတွက် အချက်ပညာကို အသုံးပြုကာ စက်အသစ်အဆန်းများကို တီထွင်ကြလေသည်။ အခြားသော အလုပ်များကဲ့သို့ပင် စက်များမှာ မကြာခဏ ဆိုသလို ပညာသည် တစ်ဦးတည်း၏ ကာယအား၊ ဉာဏအား မှ ပေါ်ထွက်

Copyright © 2025. Economic Education Program, Inya Economics.

လာသည်မဟုတ်ပဲ ပညာသည် အများစုက လုပ်အားကို ခွဲဝေအသုံးချခြင်းမှ ထွက်ပေါ်လာလေသည်။ ပညာ သည် တစ်ဦးက မတူညီသော အလုပ်တစ်ခုကို လောကဓာတ် သိပ္ပံပညာရပ် နည်းနာတစ်ခုဖြင့် လုပ်ကိုင်သဖြင့် အဆုံးတွင် ယင်း ပညာသည်များ အလုပ်ကို ခွဲဝေလုပ်ကိုင်ကြခြင်းသည် သဘာဝသိပ္ပံဘာသာရပ်ခွဲများကို လည်း တိုးထက်ထွန်းကား လာစေလေသည်။




**စက်မှုတော်လှန်ရေးကာလသုံး ရေနွေးငွေ့အင်ဂျင်အမျိုးမျိုး**

Pic - 1894 illustrations of steam engines. F.A. Brockhaus, Berlin und Wien

ထို့ကြောင့် တိုးတက်ထွန်းကားသော လူ့အဖွဲ့အစည်းတွင် အလုပ်ခွဲဝေလုပ်ကိုင်ခြင်းဖြင့် မတူညီသော ကုန်ထုတ် လုပ်ငန်းများမှာ ကျင်လည်စွာလည်ပတ်ကျပြီး သုခချမ်းသာမှာ လူတန်းစားအသီးသီးထံ ရောက်ရှိလေသည်။ အလုပ်သမားတိုင်းမှာ ရောင်းကုန်များကို လုပ်အားနှင့် တူညီသော အဖိုးအခကို ပေး၍ ဖလှယ်ခြင်းဖြင့် မိမိ

လုပ်အားသက်သက်နှင့် မထုတ်လုပ်နိုင်သောကုန်စည်များကို ရယူသုံးစွဲနိုင်ကြလေသည်။ ယဉ်ကျေးမှုတိုးတက်ထွန်းကားသော တိုင်းနိုင်ငံများတွင် နေ့စားအလုပ်သမား၊ လက်လုပ်လက်စားများ၏ အလုပ်များမှာ မည်မျှသေးနုပ်သည်ဖြစ်စေ၊ ရောင်းကုန်တစ်ခုဖြစ်လာရန် ကုန်ထုတ်လုပ်မှုဖြစ်စဉ် အဆင့်တစ်ဆင့်ဆင့် တွင် ၎င်းတို့ ၏လုပ်အားကို မဖြစ်မနေလိုအပ်လေသည်။ နေ့စားအလုပ်သမား တစ်ဦး၏ ခပ်ညံ့ညံ့သိုးမွေးထည်ပင် အလွယ်တကူပေါ်ထွက်လာသည်မဟုတ်။ သိုးကျောင်းသား၊ သိုးမွေးရိတ်သူ၊ သိုးမွေးသန့်သူ၊ ဆေးဆိုးသူ၊ ရက်ကန်းရက်သူ၊ အထည်ချုပ်သူ စသည်ဖြင့် လူမျိုးစုံ၊ အလုပ်မျိုးစုံတို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် မှသာလျှင် သိုးမွေးတစ်ထည် ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ သိုးမွေးတစ်ထည်၏ ထုတ်လုပ်မှုဖြစ်စဉ်ပင် ဤမျှ ရှုပ်ထွေးလျှင် ကုန်စည်များ တစ်ဒေသမှ တစ်ဒေသ ကူးသန်းရောင်းဝယ်သော လုပ်ငန်းများမှာ မည်မျှ ရှုပ်ထွေး ပေမည်နည်း။ ပင်လယ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးအတွက် သင်္ဘောတစ်စင်း တည်ဆောက်ရန်မှာ မရည်မတွက်နိုင်လောက်အောင် လုပ်အားကို အထပ်ထပ် ခွဲဝေအသုံးချရလေသည်။ သင်္ဘောကျင်း အလုပ်သမားများ၊ ရေကြောင်းကျွမ်းကျင်သူများ၊ ကြိုး ပြုလုပ်သူ၊ ရွက်ထည် ပြုလုပ်သူများ၊ ယင်းရွက်များကို ကမ္ဘာ့ဒေသအရပ်ရပ်မှ လာသော ဆိုးဆေးများ သုတ်လိမ်းပေးမည့် အလုပ်သမားများ စသည်ဖြင့် မတူညီသော အလုပ်မျိုးစုံကို လူမျိုးစုံဖြင့် လုပ်ကိုင်ခြင်းဖြင့်သာ သင်္ဘောတစ်စင်း ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့အပြင် ယင်းလုပ်ငန်းစဉ် အသီးသီး၌ သုံးစွဲကြမည့် စက်ကိရိယာများကိုလည်း အလားတူနည်းလမ်းဖြင့် သီးခြားထုတ်လုပ်ရသေးလေသည်။ ရက်ကန်းရုံ၊ သီးနှံကြိတ်စက် စသော လုပ်ငန်းများမှာလည်း ဤနည်းဖြင့်သာလည်ပတ်နေကြခြင်းဖြစ်သည်။ အရိုးရှင်းဆုံး သံထည် စက်ကိရိယာ တစ်ခု ပေါ်ပေါက်လာရန်ပင် သတ္တုတွင်းများတွင် သံကို တူးဖော်ရသူ၊ မီးဖို တည်ဆောက်ရသူ၊ ပန်းပဲဖို တည်ဆောက်ရသူ၊ ထိုသို့ တည်ဆောက်ရာ တွင် သုံးမည့် အုတ်ကို ပြုလုပ်ရသူ၊ အုတ်ဖုတ်ရာတွင် သုံးမည့် မီးသွေးကို ပြုလုပ်ရာသူ၊ မီးသွေး ပြုလုပ်ရန် သစ်ခွဲရသူ၊ သစ်ခွဲကိရိယာများကို ဖန်တီးပြုလုပ်ရသူ စသည်ဖြင့် အတောမသတ်နိုင်လောက်သော အလုပ်မျိုး စုံ၊ လူမျိုးစုံ ပူးပေါင်း ဆောက်ရွက်မှသာလျှင် ဖြစ်နိုင်ပေမည်။

မိမိတို့ ကိုယ်ပေါ်ရှိ အဝတ်အထည်များ၊ ခြေထောက်မှ ဖိနပ်၊ အိမ်ရှိ ပရိဘောဂများ၊ မီးဖိုချောင်ရှိ အိုးခွက်ပန်းကန်များ၊ ချက်ပြုတ်ရာတွင်သုံးမည့် မီးသွေး၊ လေလျှောင်း အိပ်စက်ရာ ကုတင်မှသည် နေ့ဓဒူဝ သုံးဆောင်သောပေါင်မုန့်နှင့် ဘီယာ၊ ကမ္ဘာ့မြောက်ဖျားပိုင်းတွင် လူတို့ နွေးနွေးထွေးထွေးနေနိုင်ရန် မီးလင်းဖို၊ စသောနေ့စဉ်ဘဝအတွက် မဖြစ်မနေ လိုအပ်သည့် ပစ္စည်းများမှာ မတူညီသောမှ မတူညီသော ပုဂ္ဂိုလ်များ၏ မတူညီသောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်သာ ပေါ်ထွက်လာနိုင်ခြင်းဖြစ်သည်။ ကုန်ထုတ် ဖြစ်စဉ်တွင် တစ်ဦးဦးက ချွတ်ချော်သွားလျှင် ခေတ်သစ်လူ့အဖွဲ့အစည်းမှာ များစွာ ကသောင်းကနင်း ဖြစ်သွား ပေမည်။ ဓနဥစ္စာအလျှံအပယ် ကြွယ်ဝသော ဥရောပမင်းသား တစ်ပါးနှင့် အလုပ်ကိုကြိုးစားလုပ်ကိုင်သော အလုပ်သမားမှာ လူနေမှုအဆင့်အတန်း ကွာခြားသည့်တိုင် အသုံးအဆောင်၊ အဝတ်အထည်မျိုးစုံကို ငွေကြေး ဖြင့် လိုသလိုရယူသုံးစွဲနိုင်သည့်အတွက် များစွာ ခြားနားသည်ဟု မှတ်ယူ၍ မရ။ သို့သော် ထို အလုပ်သမား၏ လူနေမှု အဆင့်

အတန်းမှာ ရောင်းကုန်မျိုးစုံကို လက်လှမ်းမှီ သုံးစွဲနိုင်သည့်အတွက် နိမ့်ကျသော အာဖရိက မျိုးနွယ်စု များတွင် ကျွန်ပေါင်း တစ်ထောင်ကို အစိုးရသော ဘုရင်၏ လူနေမှု အဆင့်အတန်းထက် များစွာ မြင့်မားသည်ဟု ဆိုရပေမည်။

**N.B: Adam Smith ၏ The Wealth of Nations ကို Everyman's library, 1910 Edition မှ ပြန်ဆိုပါသည်။**

Copyright © 2025. Economic Education Program, Inya Economics.

# ဆင်းရဲမှုနဲ့ ကြွယ်ဝချမ်းသာမှုတို့ရဲ့ သမိုင်းကြောင်းချီ အကြောင်းအရင်း

**ကိုဉာဏ**

**“နိုင်ငံအချို့က ချမ်းသာကြွယ်ဝပြီး အခြားနိုင်ငံတွေက ဘာကြောင့် ဆင်းရဲရတာလဲ။”**

ဒယ်ရွန်အေစီမိုဂလူ၊ ဆိုင်မွန်ဂျွန်ဆင်နဲ့ ဂျိမ်းစ်ရော်ဘင်ဆင်တို့က အထက်ပါမေးခွန်းအတွက် ဖြေရှင်းချက်ကို ပေးနိုင်ဖို့ ကြိုးစားအားထုတ်ခဲ့ကြပါတယ်။ ဘောဂဗေဒနိုဘယ်ဆုရွေးချယ်ရေးအဖွဲ့က သူတို့ရဲ့ နှစ်လကြာရှည် ကြိုးပမ်းအားထုတ်မှုအတွက် ၂၀၂၄မှာ ဘောဂဗေဒသိပ္ပံဆိုင်ရာနိုဘယ်ဆု ပေးအပ်ခဲ့ပါတယ်။

(ဒီဆောင်းပါးရဲ့မူရင်းကို နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ကမ္ဘာ့ပြည်သူများ သိလိုက ဖတ်ရှုနိုင်ရန် အလို့ငှာ ရေးသားခဲ့ပါတယ်။ ယခု မြန်မာပြည်သူများ ဗမာဘာသာဖြင့် လွယ်လင့်တကူ ဖတ်ရှုနိုင်ရန် ဆီလျော်စွာ ဘာသာပြန် တင်ဆက်ပေးလိုက်ပါတယ်။ .... ဘာသာပြန်သူ။ ။ ဉာဏ)

ကမ္ဘာ့နိုင်ငံများရဲ့ အချမ်းသာဆုံးလူ ၂၀ရာခိုင်နှုန်းဟာ အဆင်းရဲဆုံးလူ၂၀ရာခိုင်နှုန်းထက် အဆ၃၀ ပိုချမ်းသာ ပါတယ်။ အချမ်းသာဆုံးနိုင်ငံတွေနဲ့ အဆင်းရဲဆုံးနိုင်ငံများ ဝင်ငွေကွာဟချက် မြင့်မားနေဆဲ။ အဆင်းရဲဆုံး နိုင်ငံများရဲ့ဝင်ငွေတိုးတက်လာပေမယ့် အကြွယ်ဝဆုံးနိုင်ငံတွေကို လိုက်မှီဖို့တော့ အများကြီး လိုအပ်ပါသေးတယ်။ စီးပွားတိုးတက်မှုသီအိုရီအကျော်အမော် ရောဘတ်ဆိုလိုက တစ်ချိန်မှာ နိုင်ငံများ တိုးတက်မှုက လာရောက် စုံစည်းကြလိမ့်မယ်လို့ သီအိုရီအရ ဟောကိန်းထုတ်ခဲ့ပေမယ့် အခုအထိ မမှန်နိုင်သေးတာ သေချာပါတယ်။

ဒီနှစ် ဆုရရှိသူ ဘောဂဗေဒပညာရှင်များက နိုင်ငံများအကြား ကြွယ်ဝချမ်းသာမှု ကွာခြားချက် ဘာကြောင့် အခုလောက်အထိ ကြီးမားနေရတာလဲ ဆိုတဲ့မေးခွန်းအပေါ် နက်နဲတဲ့ အမြင်သစ်တွေ တင်ပြနိုင်ခဲ့ကြပါတယ်။ ဘယ်အချက်တွေမှာ မတူလို့ ကြွယ်ဝချမ်းသာမှု ကွာခြားချက် ဒီလောက်ကြီးရသလဲ။ လူမှုအင်စတီးကျုးရှင်များ ကွာခြားချက်ကြောင့်လို့ ပညာရှင်သုံးယောက်က အဖြေထုတ်ပါတယ်။ လူမှုအင်စတီကျူးရှင်းများဟာ

Copyright © 2025. Economic Education Program, Inya Economics.

ပြုပြင်ပြောင်းလဲဖို့ အလွန် ခက်ခဲပါတယ်။ လူမှုအင်စတီကျူးရှင်းများနှင့် ကြွယ်ဝချမ်းသာမှုအကြား ဆက်စပ်မှု ရှိပါတယ်။ လူမှုအင်စတီကျူးရှင်းများက ကြွယ်ဝချမ်းသာမှုရဲ့အကြောင်းရင်း ဖြစ်ပါတယ်။

နိုင်ငံများအကြား ဝင်ငွေနဲ့ ကြွယ်ဝချမ်းသာမှု ကွာဟတာက လူမှုအင်စတီကျူးရှင်းတွေ ကွာဟနေလို့ပါ။ ဒါဆို ဆင်းရဲတဲ့ နိုင်ငံတွေရဲ့ လူမှုအင်စတီကျူးရှင်းတွေကို ပြောင်းလဲဖို့ လိုအပ်နေတာပေါ့။ နှစ်ပေါင်းများစွာ အကြောင်းရင်းအမျိုးမျိုးနဲ့ တည်တံ့လာတဲ့ လူမှုအင်စတီကျူးရှင်းတွေကို ပြောင်းလဲရတာ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာပဲ ဒီလူမှုအင်စတီကျူးရှင်းတွေကို မပြောင်းလဲနိုင်တာတော့ မဟုတ်ပါဘူး။



**(ဝဲမှယာ) ဒယ်ရွန်အေစီမိုဂလူ၊ ဆိုင်မွန်ဂျွန်ဆင်၊ ဂျိမ်းစ်ရော်ဘင်ဆင်**

Pic – Financial Times

ပညာရှင်သုံးယောက်ရဲ့ လေ့လာတဲ့ မိုဒယ်ကို ဥရောပနိုင်ငံတွေ အပြိုင်းအရိုင်း အပြိုင်အဆိုင် ကိုလိုနီပြုကြတဲ့ ၁၆ရာစုနှစ်လောက်က အစတည်ခဲ့ပါတယ်။ ကိုလိုနီစနစ်ထဲ သွတ်သွင်းမခံရခင် သက်ဆိုင်ရာဒေသတွင်းမှာ အချမ်းသာဆုံးနိုင်ငံတွေက အခုမတော့ အဆင်းရဲဆုံးနိုင်ငံတွေ ဖြစ်နေပါပြီ။ ဒေသတွင်းမှာ အင်အားကြီးသလောက် ကိုလိုနီစနစ်က တံခါးလာခေါက်တဲ့အခါ တုံ့ပြန်မှုကလည်း ပြင်းထန်ပါတယ်။ ကိုလိုနီအင်အားကြီးနိုင်ငံတွေရဲ့ စစ်သည်သေဆုံးနှုန်းကလည်း အဆိုပါဒေသတွင်းအင်အားရှိတဲ့နိုင်ငံတွေမှာ မြင့်မားခဲ့ပါတယ်။ ကာလတိုရလဒ်က နိုင်ငံများကို စစ်ရေးအောင်နိုင်မှုအပြီးမှာ တည်ဆောက်တဲ့ အင်စတီကျူးရှင်းတွေပါပဲ။

Copyright © 2025. Economic Education Program, Inya Economics.

အင်စတီကျူးရှင်းတွေကို နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ပထမတစ်မျိုးက အားလုံးပါဝင်နိုင်သော အင်စတီကျူးရှင်း ဖြစ်ပါတယ်။ ဒီအမျိုးအစားက တိုင်းပြည်အုပ်ချုပ်ရေးမှာ လူအများ ပါဝင်နိုင်ပြီး ဒီမိုကရေစီစနစ်ကို အထောက်အပံ့ပြုပါတယ်။ တိုင်းပြည်အုပ်ချုပ်ရေးမှာ အားလုံး ရိုးရိုးရှင်းရှင်း ပါဝင်နိုင်လို့ အာဏာလုစရာ မလို၊ အာဏာကို တစ်ဦးတည်း ဆုပ်ကိုင်ထားလိုတဲ့ လူတွေလည်း ပေါ်လာဖို့ ခက်ခဲပါတယ်။ ဒုတိယတစ်မျိုးက အခွင့်ထူးခံ လူတစ်စုသာ တိုင်းပြည်အုပ်ချုပ်ရေးမှာ ပါဝင်နိုင်တဲ့ အင်စတီကျူးရှင်း ဖြစ်ပါတယ်။ ဒီလို အင်စတီကျူးရှင်းမျိုးနဲ့ တိုင်းပြည်တွေမှာတော့ အာဏာသိမ်းပွဲတွေ၊ အာဏာကို အင်အားသုံး ရယူ(ရ)တာတွေ အဖြစ်များလို့ နိုင်ငံရေးလည်း မတည်ငြိမ်သလို တိုင်းပြည်ကြွယ်ဝချမ်းသာရေးကို ဖောက်ချလုပ်ကိုင်ဖို့ အုပ်ချုပ်သူတွေကလည်း အာရုံမရ၊ ပြည်သူတွေအဖို့လည်း ခက်ခဲပြီး အဆင်းရဲဆုံးနိုင်ငံတွေ ဖြစ်လာ ပါတော့တယ်။

ယနေ့ခေတ်ကာလ ဘယ်မှာ ကိုလိုနီအင်စတီကျူးရှင်းတွေကို ခြေရာကောက်နိုင်ပါသလဲ။ (ပညာရှင်သုံးဦးထဲက နှစ်ဦး ဒယ်ရွန်အေစီမိုဂလူနဲ့ ဂျိန်းရော်ဘင်ဆင်တို့ရေးတဲ့ "နိုင်ငံများ ဘာကြောင့် ကျရှုံးရသလဲ" စာအုပ်ကို ကိုးကားပြီး ပြောရရင်) အမေရိကန်ပြည်ထောင်စုနဲ့ မက္ကဆီကိုနယ်စပ်က နိုဂါလီမြို့မှာ ခြေရာကောက်နိုင်ပါတယ်။ နိုဂါလီမြို့က အမေရိကန်ပြည်ထောင်စု၊ အရီဇိုးနားပြည်နယ်ဘက်မှာ တစ်ခြမ်း၊ မက္ကဆီကိုနိုင်ငံ၊ ဆိုနိုရာပြည်နယ်မှာ တစ်ခြမ်း ခြံစည်းရိုးနဲ့ ပိုင်းခြားထားတာပါ။ နိုဂါလီမြို့ရဲ့ မြောက်ဘက်ခြမ်းကို အမေရိကန်ပြည်ထောင်စု အင်စတီကျူးရှင်းတွေက အုပ်ချုပ်စီမံပြီး နိုဂါလီတောင်ဘက်ခြမ်းကိုတော့ မက္ကဆီကိုအင်စတီကျူးရှင်းတွေနဲ့ လည်ပတ်နေပါတယ်။

နိုဂါလီမြောက်ဘက်ခြမ်းမှာ နေထိုင်သူတွေက ကောင်းကောင်းနေနိုင်ကြပါတယ်။ အသက်ရှည်ရှည် နေထိုင်နိုင်ကြသလို ကလေးအများစုကလည်း အနည်းဆုံး အထက်တန်း အောင်ကြပါတယ်။ ပုဂ္ဂလရပိုင်ခွင့်တွေက ခိုင်မာသလို ပြည်သူတွေကလည်း ကိုယ်ရင်းနှီးမြှုပ်နှံသလောက် အကျိုးအမြတ်တွေ ခံစားရပါတယ်။ လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ကျင်းပလို့ မြို့နေပြည်သူတွေက ကိုယ်မကြိုက်တဲ့ နိုင်ငံရေးသမားတွေကို ရွေးကောက်ပွဲမှာ အာဏာကနေ ဖြုတ်ချနိုင်ပါတယ်။

နိုဂါလီတောင်ဘက်ခြမ်းမှာ နေထိုင်သူပြည်သူတွေဟာ သူတို့မက္ကဆီကိုနိုင်ငံသားတွေထဲ အတော်လေး ကြွယ်ဝတယ်လို့ ဆိုနိုင်ပါတယ်။ နိုဂါလီမြောက်ဘက်ခြမ်းမှာ နေထိုင်တဲ့ အမေရိကန်ပြည်သူတွေနဲ့ နှိုင်းယှဥ်ရင် ဆင်းရဲပါတယ်။ ရာဇဝတ်မှု ထူပြောလို့ စီးပွားရေးလုပ်ရတာ အန္တရာယ် များပါတယ်။ ပြီးခဲ့တဲ့ နှစ်၂၀ ကတည်းက ဒီမိုကရေစီ အသွင်ကူးပြောင်းခဲ့ပေမယ့် ခြစားတဲ့ နိုင်ငံရေးသမားတွေကို အာဏာဖယ်ရှားဖို့လည်း ခက်ခဲနေပါသေးတယ်။

မြို့ရဲ့ တောင်ဘက်ခြမ်းနဲ့ မြောက်ဘက်ခြမ်းက ဘာကြောင့် အခုလောက်အထိ ကွာခြားရတာလဲ။ ပထဝီအခြေအနေ အတူတူ။ ရာသီဥတု အတူတူ။ သမိုင်းကြောင်းအရ မြောက်ဘက်ခြမ်းကလည်း မက္ကဆီကိုမှာပဲ အရင်က

Copyright © 2025. Economic Education Program, Inya Economics.

ရှိခဲ့တာမို့လို့ လူဦးရေနှစ်ခုလုံးရဲ့ အရင်းအမြစ်က အတူတူပါပဲ။ ယဉ်ကျေးမှုအရ ကွာခြားမှု ကြီးကြီးမားမား မရှိ။ ခြိစည်းရိုးရဲ့တောင်ဘက်ရော မြောက်ဘက်ရော အစားအစာနဲ့ ဂီတအဆုံး အတူတူပါပဲ။ ဘာက ကွာခြားနေတာလဲ။

ဒါကြောင့် ဒီဥပမာကို ထောက်ထားပြီးတော့ ကြွယ်ဝချမ်းသာမှုအပေါ် အဆုံးအဖြတ်ပေးနိုင်တဲ့ ကွာခြားချက်က မြေပြင်ပထဝီ မဟုတ်သလို ယဉ်ကျေးမှုလည်း မဟုတ်။ "အင်စတီကျူးရှင်း" သာ ဖြစ်ပါတယ်။ နိုဂါလီ မြောက်ဘက်ခြမ်းမှာ နေထိုင်ခွင့်ရတဲ့ ပြည်သူတွေက အမေရိကန်ပြည်ထောင်စု စီးပွားရေးစနစ်အတွင်းမှာ ရှင်သန်ရပြီး ပညာရေးနဲ့ အလုပ်အကိုင်အတွက် အခွင့်အလမ်း အများကြီး ပိုမို ရရှိပါတယ်။ နိုဂါလီ တောင်ဘက်ခြမ်းက ပြည်သူတွေခင်မျာ မြောက်ဘက်နေ ပြည်သူတွေလောက် ကံမကောင်း၊ နိုင်ငံရေး ပိတ်ပင် ကန့်သတ်ချက်တွေနဲ့ လုံခြုံစိတ်ချမှုမရှိတဲ့ စီးပွားရေးစနစ်အောက်မှာ ချို့တဲ့ညှိုးငယ်စွာ ရုန်းကန်ရပါတယ်။

မြောက်ဘက်၊ တောင်ဘက် အခြေအနေ အကွာကြီး ကွာနေတဲ့ နိုဂါလီမြို့က ချွင်းချက် မဟုတ်ပါဘူး။ ကိုလိုနီ ခေတ်အထိ ခြေရာကောက်နိုင်တဲ့ ရှင်းလင်းတဲ့ ဖြစ်စဉ်တွေရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ (ကိုလိုနီခေတ်အထိ ခြေရာကောက်နိုင်တဲ့ သမိုင်းကြောင်း ရှင်းလင်းတဲ့ ဖြစ်စဉ်တွေရဲ့တစ်စိတ်တစ်ပိုင်းပြယုဂ် ဖြစ်ပါတယ်။)

ဥရောပသားတွေ ကမ္ဘာ့နေရာအများအပြားကို ကိုလိုနီပြုကျင့်တော့ တည်ဆဲအင်စတီကျူးရှင်းတွေက သိသိ သာသာ ပြောင်းလဲခံလိုက်ရပါတယ်။ (နိုင်ငံအစိုးရ သို့မဟုတ် ရိုးရာအတိုင်းအုပ်ချုပ်သူများ - ဘုရင် စော်ဘွား၊ လူမျိုးစုခေါင်းဆောင် အစရှိသဖြင့် - အာဏာဖြုတ်သိမ်းခံရ၊ အာဏာလျှော့ချ ထိန်းသိမ်းခံရလို့ ကိုယ်ပိုင် အမှတ်အသား မရှိတော့ဘဲ သက်ဆိုင်ရာဥရောပနိုင်ငံတွေရဲ့ ကိုလိုနီနယ်မြေတွေ ဖြစ်လာပါတယ်။) အင်စတီ ကျူးရှင်းပြောင်းလဲပုံက ကိုလိုနီနယ်မြေများအတွက် မတူညီပါဘူး။ အချို့ကိုလိုနီနယ်မြေတွေမှာ ကိုလိုနီပြုကျင့်သူ များက ဒေသခံပြည်သူများကို ခေါင်းပုံဖြတ်ဖို့၊ သဘာဝသယံဇာတတွေ ထုတ်ယူအသုံးချဖို့ပါပဲ။ အချို့ကိုလိုနီ နယ်မြေတွေမှာတော့ ကိုလိုနီပြုကျင့်သူများအတွက် ဥရောပပြောင်းရွှေ့အခြေချနေထိုင်သူတွေရဲ့ ရေရှည်အကျိုး စီးပွားအတွက် အားလုံးပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းတွေကို တည်ဆောက်ပေးခဲ့ပါတယ်။

ကိုလိုနီအင်စတီကျူးရှင်းအမျိုးအစားကို ကိုလိုနီပြုကျင့်သူများက ရွေးချယ်ဖို့ အရေးပါတဲ့အချက်က သက်ဆိုင်ရာ ကိုလိုနီနယ်မြေရဲ့ ဌာနေတိုင်းရင်းသား လူဦးရေ ဖြစ်ပါတယ်။ ဌာနေတိုင်းရင်းသားလူဦးရေ များပြားရင် အသစ်သွတ်သွင်းမယ့် ကိုလိုနီစနစ်အပေါ် ခုခံမှု ကြီးမားနိုင်ပါတယ်။ အခြားတဖက်မှာလည်း ဌာနေတိုင်းရင်းသား လူဦးရေ များပြားလို့ ဈေးချိုတဲ့ လုပ်သားအခွင့်အလမ်းလည်း ကိုလိုနီပြုကျင့်သူများအတွက် ရှိနေပြန်ပါတယ်။ ဥရောပပြောင်းရွှေ့အခြေချသူတွေက ဌာနေတိုင်းရင်းသားလူဦးရေ နည်းပါးတဲ့ နေရာတွေကို ဦးစားပေး ဝင်ရောက်ပါတယ်။ ဥရောပပြောင်းရွှေ့အခြေချသူတွေ များများနေထိုင်တဲ့ နေရာတွေကိုသာ ကိုလိုနီ ပြုကျင့် သူတွေက အားလုံးပါဝင်နိုင်တဲ့ နိုင်ငံရေးနဲ့ စီပွားရေးအင်စတီကျူးရှင်းတွေ ရေးဆွဲပေးပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

ဥရောပပြောင်းရွှေ့အခြေချသူတွေ နည်းပါးတဲ့ ဒေသတွေမှာ ဌာနေတိုင်းရင်းသားအများအပြားကို အမြတ်ထုတ်မယ့် အင်စတီကျူးရှင်းတွေပဲ ရေးဆွဲထူထောင်ပါတယ်။ ရွေးကောက်ပွဲ မရှိ၊ နိုင်ငံရေးရပိုင်ခွင့်များကို တင်းတင်းကြပ်ကြပ် ထိန်းချုပ်ပါတယ်။ ဥရောပပြောင်းရွှေ့အခြေချသူတွေ များပြားတဲ့ ဒေသတွေမှာ အားလုံးပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းတွေ ရေးဆွဲထူထောင်ပေးပါတယ်။ အခြေချနေထိုင်သူတွေ အလုပ်ကြိုးစား လုပ်ကိုင်ဖို့ မက်လုံးတွေ ဖန်တီးပေးပြီး နယ်မြေသစ်မှာ ရင်းနှီးမြှုပ်နှံနိုင်အောင် စီမံပေးပါတယ်။ နိုင်ငံရေးရပိုင်ခွင့်တွေကိုလည်း ပြဋ္ဌာန်းပေးပါတယ်။ ဒီလိုအားလုံးပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းတွေကို အခုခေတ် ဒီမိုကရေစီ စံနှုန်းတွေနဲ့ ကြည့်ရင် နိမ့်ပါးပေမယ့် ဌာနတိုင်းရင်းသားများပြားတဲ့ ကိုလိုနီနယ်မြေတွေမှာ ပြဋ္ဌာန်းထားတဲ့ အင်စတီကျူးရှင်းတွေနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ အပုံကြီး သာပါတယ်။

## သမိုင်းကြောင်း ပြောင်းပြန်လှန်

ကိုလိုနီခေတ် အင်စတီကျူးရှင်းတည်ဆောက်မှုများ ကနဦးပိုင်း ကွာခြားမှုဟာ ယနေ့ ကျနော်တို့ မြင်နေရတဲ့ ကြီးမားတဲ့ ကြွယ်ဝချမ်းသာမှု ကွာဟချက်တွေအတွက် အရေးကြီးတဲ့ ရှင်းပြချက် ဖြစ်ပါတယ်။ ယနေ့ခေတ် ကျနော်တို့ မြင်နေရတဲ့ နိုဂါလီက မြောက်ဘက်နဲ့ တောင်ဘက်အကြား ကြီးမားတဲ့ ကြွယ်ဝချမ်းသာမှု ကွာဟချက်ဟာ ဒီနယ်မြေတွေကို စပိန်တွေ ကိုလိုနီပြုကျင့်ခဲ့စဉ်က ရေးဆွဲထူထောင်ပေးခဲ့တဲ့ အင်စတီကျူးရှင်းတွေကြောင့် အများကြီး ပါပါတယ်။ ဒီပုံစံက ကိုလိုနီပြုကျင့်ခံခဲ့ရတဲ့ကမ္ဘာမှာ အတွေ့ရများတာကြောင့် ပုံမှန်လို ဖြစ်လာပြီး ကိုလိုနီပြုကျင့်သူက ဘယ်နိုင်ငံဖြစ်တယ် ဆိုတာနဲ့တောင် မသက်ဆိုင်ပါဘူး။ ဗြိတိသျှ၊ ပြင်သစ်၊ ပေါ်တူဂီ၊ စပိန် ကိုလိုနီပြုကျင့်သူ နိုင်ငံများအားလုံး အတူတူပါပဲ။

လွန်ခဲ့တဲ့ နှစ်၅၀၀တုန်းက ကိုလိုနီပြုကျင့်ခံခဲ့ရတဲ့ အချမ်းသာကြွယ်ဝဆုံးနိုင်ငံတွေဟာ အခုမတော့ တော်တော်ဆင်းရဲသွားခဲ့ပါပြီ။ မြို့ပြဧရိယာ အကျယ်အဝန်းကို ကြွယ်ဝချမ်းသာမှုရဲ့ အတိုင်းအတာတစ်ခုအနေနဲ့ ကြည့်ရှုနိုင်ပါတယ်။ စပိန်ကိုလိုနီမဖြစ်ခင် အက်(ဇ်)တက်အင်ပါယာခေတ်ကဆိုရင် မက္ကဆီကိုမြို့ပြဧရိယာက အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါပြည်ထောင်စု မြို့ပြဧရိယာစုစုပေါင်းထက် ပိုမိုကျယ်ဝန်းပါတယ်။ လူဦးရေ ကျိုးတိုးကျဲတဲသာ ရှိတဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါပြည်ထောင်စုနယ်မြေတွေထဲကို ဥရောပ အခြေချနေထိုင်သူတွေ ဝင်ရောက်လာပြီး ကြွယ်ဝချမ်းသာမှုကို ရေရှည် မြှင့်တင်ပေးနိုင်မယ့် အင်စတီကျူးရှင်းတွေကို ထူထောင်ထိန်းသိမ်းခဲ့ကြလို့ အခုအခြေအနေကို ရောက်ရှိသွားတာပါ။ တစ်ချိန်တည်းမှာ ဌာနေလူဦးရေ ထူထပ်ပြီး ကြွယ်ဝချမ်းသာခဲ့တဲ့ အက်(ဇ်)တက်အင်ပါယာကိုတော့ စပိန်တွေက လူတစ်စု ချုပ်ကိုင်နိုင်တဲ့ အင်စတီကျူးရှင်းတွေ ချမှတ်ခဲ့လို့ ယနေ့မက္ကဆီကိုအခြေအနေဆီကို ဆိုက်ရောက် ခဲ့ရပါတယ်။ ကြွယ်ဝချမ်းသာမှုဆီ သွားရာလမ်း ခြေချုပ်ချခံခဲ့ရတာပါပဲ။

ကိုလိုနီအင်ပါယာတွေက သူတို့ကိုယ်ပိုင် အကျိုးစီးပွားအတွက် အင်စတီကျူးရှင်း ၂မျိုးကို ရွေးချယ်ထူထောင်ခဲ့ရာကနေ သမိုင်းကြောင်း ပြောင်းပြန်လှန်တဲ့ ရလဒ် ထွက်ပေါ်လာပါတယ်။ ၁၈ရာစု အလယ်ပိုင်းလောက်က စက်မှုလုပ်ငန်းတွေကို ကာကွယ်တာမှာ အိန္ဒိယနိုင်ငံက အမေရိကန်ပြည်ထောင်စုထက် ပိုသာပါတယ်။ ၁၉ရာစု အစပိုင်းမှာတော့ အင်စတီးကျူးရှင်းကွာခြားချက်ကြောင့် အခြေအနေဟာ အခြေခံကျကျ သိသိသာသာကြီး ပြောင်းလဲသွားပါတယ်။ နည်းပညာစွန့်ဦးတီထွင်မှုတွေက အားလုံးပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းတွေမှာသာ ရှင်သန်ပေါက်ဖွားနိုင်ပါတယ်။

## **အခြေချနေထိုင်သူများ သေဆုံးနှုန်း**

ကိုလိုနီခေတ် ဘယ်အင်စတီကျူးရှင်းအမျိုးအစား ရွေးချယ်မယ်ဆိုတာအတွက် တိုက်ရိုက်ရှင်းပြနိုင်တာက ဥရောပအခြေချနေထိုင်သူများ အရေအတွက် ဖြစ်ပါတယ်။ ဥရောပအခြေချနေထိုင်သူ အရေအတွက် များလေလေ၊ စီးပွားရေးတိုးတက်မှုကို ရေရှည် အာမခံပေးနိုင်တဲ့ အင်စတီကျူးရှင်းများ ချမှတ်ဖို့ ဖြစ်နိုင်ချေ ပိုများလေ ဖြစ်ပါတယ်။ ဒီနေရာမှာ ဌာနေတိုင်းရင်းသားတွေရဲ့ ခုခံတိုက်ခိုက်မှုအပြင် ကိုလိုနီပြုကျင့်ခံရတဲ့ နယ်မြေမှာ ရင်ဆိုင်ရတဲ့ ရောဂါတွေကလည်း အတော်လေး စကားပြောပါတယ်။ အိန္ဒိယမှာ ကြုံတွေ့ရတဲ့ ရောဂါပိုးမွှားတွေက နယူးဇီလန်နဲ့ ဩစတြေးလျထက် ဗြိတိသျှကိုလိုနီပြုကျင့်သူတွေကို သေဆုံးစေပါတယ်။ ရောဂါတွေရဲ့အန္တရာယ် ကြီးမားသလောက် အဲဒီကိုလိုနီနယ်မြေမှာ အလုပ်မဖြစ်ဆုံး စီးပွားရေးစနစ်၊ အဆင်းရဲဆုံး လူ့အုပ်ကြီး၊ အကြီးဆုံး အကျင့်ပျက်ခြစားမှုနဲ့ အားအလျော့ဆုံး တရားဥပဒေစိုးမိုးမှုတွေကို ဒီကနေ့ မြင်နေတွေ့နေရပါတယ်။ ဒါတွေက လူတစ်စုသာ ချုပ်ကိုင်နိုင်တဲ့ အင်စတီကျူးရှင်းတွေကို ထူထောင်ခဲ့လို့ဖြစ်ပြီး ကိုလိုနီပြုကျင့်သူတို့က ၎င်းတို့ ကိုယ်ကျိုးစီးပွားအတွက် အသင့်တော်ဆုံး အင်စတီကျူးရှင်း အမျိုးအစား ရွေးချယ်ထူထောင်ခဲ့ကြပါတယ်။

မွန်တက်စကျူရဲ့ ၁၇၄၈ခုနှစ်ထုတ် “ဥပဒေများရဲ့ ဝိညာဉ်” စာအုပ်မှာ သီအိုရီတစ်ခု ပါပါတယ်။ သမမျှတတဲ့ ရာသီဉတုမှာ နေထိုင်ရတဲ့ လူ့အဖွဲ့အစည်းတွေသာလျှင် ကြွယ်ဝချမ်းသာနိုင်ပြီး အီကွေတာမျဉ်းနဲ့ နီးလာလေလေ ပိုပိုဆင်းရဲလာမယ်။ ဒီလိုသီအိုရီမျိုးကို ပညာရှင်သုံးဦးက ငြင်းပယ်ပါတယ်။ ရာသီဉတုမပြောင်းပါဘဲ သမိုင်းကြောင်း ပြောင်းပြန်လန်ကျသွားတဲ့ ထင်ရှားတဲ့သက်သေတွေ ရှိနေတာကြောင့် မွန်တက်စကျူရဲ့သီအိုရီကို ငြင်းပယ်ပါတယ်။ ပိုမိုပူနွေးတဲ့ နိုင်ငံတွေက ပိုမိုဆင်းရဲပါတယ်ဆိုရင် ဒါဟာ သူတို့ရဲ့ လူမှုအင်စတီကျူးရှင်းတွေကြောင့်သာ ဖြစ်ပြီး အပူချိန်ကြောင့် မဟုတ်ပါဘူး။

Copyright © 2025. Economic Education Program, Inya Economics.

**ထောင်ချောက်ကနေ ရုန်းထွက်ကြမယ်**

ပညာရှင်သုံးဦးက ရှင်းလင်းတဲ့ ကျိုးကြောင်းဆက်စပ်မှုတစ်ခု ရှာဖွေဖော်ထုတ်ခဲ့ကြတာပါ။ "**အားလုံးပါဝင်နိုင်တဲ့ လူမှုအင်စတီကျူးရှင်းက နိုင်ငံကြွယ်ဝချမ်းသာမှုရဲ့ အကြောင်းရင်း ဖြစ်ပါတယ်**"။ လက်တစ်ဆုပ်စာ လူတစ်စုသာ ပါဝင်နိုင်တဲ့၊ လူနည်းစုလေးက အများစုကို ဂုတ်သွေးစုပ်နိုင်တဲ့ အင်စတီကျူးရှင်းတွေက ရေရှည်စီးပွားရေး တိုးတက်မှုကို ဖျက်ဆီးပါတယ်။ ဒီလိုကောင်းကျိုးမပေးတဲ့ အင်စတီကျူးရှင်းမျိုးတွေက တစ်ခါတစ်ရံ ရေတို အကျိုးအမြတ်ကို မျက်လှည့်ပြ ပေးအပ်တတ်ပါသေးတယ်။ နည်းစနစ်မှန်မှန်ကန်ကန်နဲ့ ဘောဂဗေဒပညာရပ် သုံးပြီး စစ်ဆေးလိုက်ရင် အဖြေက သိပ်ရှင်းပြီး ခိုင်မာပါတယ်။ "**အားလုံးပါဝင်နိုင်တဲ့ လူမှုအင်စတီကျူးရှင်းက နိုင်ငံကြွယ်ဝချမ်းသာမှုရဲ့ အကြောင်းရင်း ဖြစ်ပါတယ်**"။ အင်စတီကျူးရှင်းတွေရဲ့သဘောက ရုတ်ချည်းအကုန်လုံး ပြောင်းလဲဖို့ခက်ခဲလို့ စနစ်တကျ ပုံမှန်ပြောင်းလဲရပါတယ်၊ အင်စတီကျူးရှင်းတွေမှာ ပါဝင်နိုင်သူတွေ များသထက် များလာတာနဲ့ အမျှ ရေရှည်စီးပွားရေးတိုးတက်မှုဆီကို တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းက ဦးတည်ချီတက် လာပါတယ်။ ဒါကို တိုင်းပြည်တစ်ပြည်မှာ ရှိတဲ့ အီလစ်တွေ မသိဘူးလား။ သိပါတယ်။ နားမလည်ဘူးလား။ နာလည်ပါတယ်။ ဒါဆို ဘာကြောင့် အင်စတီကျူးရှင်းတွေကို အားလုံးပါဝင်နိုင်အောင် အီလစ်တွေက ခွင့်မပြုတာပါလဲ။

နိုင်ငံရေးအာဏာအတွက် ပဋိပက္ခများရှိနေတာရယ်၊ အုပ်စိုးသူလူတန်းစားနဲ့ ပြည်သူတွေအကြား ယုံကြည်မှု မတည်ဆောက်နိုင်တာတွေကြောင့် လူတစ်စုသာ ပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းတွေဟာ လူအများပါဝင်နိုင်အောင် မပြောင်းလဲဘဲ အီခံနေပါတယ်။ နိုင်ငံရေးစနစ်က အီလစ်တွေကိုသာ ကောင်းကျိုးပြုနေတာနဲ့ အမျှ ပြည်သူတွေက "စီးပွားရေးပြုပြင်ပြောင်းလဲပေးပါမယ်"ဆိုတဲ့ အီလစ်တွေရဲ့ ကတိကို မယုံကြည်ပါဘူး။ ကတိမတည်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ပြည်သူတွေက အာဏာထိုင်ခုံကနေ ဖယ်ရှားနိုင်ပါမှ၊ အဲလိုဖယ်ရှားနိုင်တဲ့ နိုင်ငံရေးစနစ်အသစ်ကသာလျှင် စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ဖို့ ခွင့်ပြုပါလိမ့်မယ်။ အုပ်စိုးသူ အီလစ်တွေက သူတို့ရရှိနေတဲ့ စီးပွားရေးအကျိုးအမြတ်တွေကို တစ်နည်းတစ်ဖုံ လျော်ကြေးအဖြစ် ဆက်လက် ရရှိဖို့ မျှော်လင့်ကြမှာပါ။ သို့ပေမယ့် သလိုဖြစ်လာဖို့ လူထုက သဘောတူလိမ့်မယ်လို့ အီလစ်တွေက မထင်ပါဘူး။ ကတိကဝတ်နှင့် ယုံကြည်မှု ပြဿနာပါပဲ။ ဒီပြဿနာကို ကျော်လွှားဖို့ ခက်ခဲပါတယ်။ လူတစ်စုသာ ပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းများ၊ လူများစု ဆင်းရဲမွဲတေခြင်းနဲ့ အီလစ်လူချမ်းသာတွေ သုံးမျိုးစုံနေပြီဆိုရင် ဒီပြဿနာ ခက်ပါပြီ။

လူများစုရဲ့ မကျေနပ်မှုက အထွတ်အထိပ် (ဝါ) မခံမရပ်နိုင်တော့တဲ့ အခြေအနေ ဖြစ်လာပြီဆိုရင်တော့ လူများစုဒေါသ ပေါက်ကွဲလျံကျလာပြီး တော်လှန်ရေးဆီ ဦးတည်သွားနိုင်ပါတယ်။ ဒါကြောင့် အီလစ်တွေအတွက် တစ်ခုတည်းသော ရွေးချယ်စရာက အာဏာလွှဲပြောင်းပေးပြီး ဒီမိုကရေစီလမ်းကြောင်းကို အေးအေး ညောင်းညောင်း လျှောက်လှမ်းဖို့ပါပဲ။

Copyright © 2025. Economic Education Program, Inya Economics.

နိုင်ငံရေးအင်စတီကျူးရှင်းတွေ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာတဲ့ အခြေအနေမှာ အပိုင်း (၃) ပိုင်း ပါဝင်တယ်လို့ ပညာရှင်သုံးဦးက ဆိုပါတယ်။ ပထမအပိုင်းက အရင်းအမြစ်တွေကို ဘယ်လိုခွဲခြမ်းအသုံးချကြမယ်ဆိုတဲ့အပေါ် သာမန်ပြည်သူတွေနဲ့ အီလစ်တွေအကြား ပဋိပက္ခ ဖြစ်ပါတယ်။ ဒီအပိုင်းမှာ အီလစ်တွေက ဘယ်လမ်း ရွေးချင်သလဲ၊ ရွေးခွင့် ရှိနေပါသေးတယ်။ ဒုတိယအပိုင်းက သာမန်ပြည်သူတွေမှာ သာလွန်အင်အား ရှိလာတဲ့ အခြေအနေ ဖြစ်ပါတယ်။ ပထမအပိုင်းက ရွေးချယ်မှုအပေါ် မူတည်ပြီး သာမန်ပြည်သူတွေရဲ့နည်းလမ်း ပြောင်းလဲ နိုင်ပါတယ်။ နှစ်ဖက်အပြုအမူတုံ့ပြန်ချက်က ငြိမ်းချမ်းမလား၊ အင်အားသုံးရမလားဆိုတာအပေါ် ပထမအကြိမ် ရွေးခွင့်က အီလစ်တွေဆီ ရောက်ရှိပြီး ဒုတိယအကြိမ်ရွေးခွင့်က သာမန်ပြည်သူတွေဆီ ရောက်လာပါမယ်။ တတိယအပိုင်းကတော့ ပဋိပက္ခနဲ့ ယုံကြည်မှုပြဿနာ ဖြစ်ပြီး အီလစ်တွေအနေနဲ့ အခုအထိ ဆုပ်ကိုင်ထားတဲ့ အာဏာကို လက်လွှတ်ဖို့ ဒီမိုကရေစီလမ်းကြောင်းအတိုင်း အခုချိန်ကစ လျှောက်လှမ်းဖို့ပါပဲ။

(အခုအပိုဒ်က အနည်းငယ် ဝိဝါဒ ကွဲပြားစရာ ရှိပါတယ်။ မူရင်းဆောင်းပါးမှာ ဒီအပိုဒ်ပါနေလို့ ဆီလျော်အောင် ဘာသာပြန်ဆိုထားပါတယ်။)

ပညာရှင်သုံးဦးရဲ့အခုမိုဒယ်ကို အနောက်ဥရောပနိုင်ငံတွေရဲ့ ၁၈ရာစုနှောင်းပိုင်းနဲ့ ၁၉ရာစုအဦးပိုင်း ဒီမိုကရေစီအရ ပိုင်ခွင့်များ ချဲ့ထွင်ရေးနဲ့ ဒီမိုကရေစီကျစ်လျစ်ခိုင်မာရေးဖြစ်စဉ် ရှင်းပြဖို့ အသုံးပြုကြပါတယ်။ ဗြိတိန်နိုင်ငံမှာ အရွယ်ရောက်ပြီးသား နိုင်ငံသားတိုင်း မဲပေးခွင့် ရနိုင်ဖို့ အထွေထွေသပိတ်တိုက်ပွဲ အပါအဝင် ဆန္ဒပြပွဲများ အမျိုးမျိုး ဆင်နွှဲပြီး တစ်ဆင့်ပြီး တစ်ဆင့် တိုးချဲ့သွားခဲ့ရတာ ဖြစ်ပါတယ်။ ဗြိတိသျှအီလစ်တွေက တော်လှန်ရေးခြိမ်းခြောက်မှုတွေအောက်မှာ ဖိအားပေး ခံခဲ့ရတာ ဖြစ်ပါတယ်။ ဆွီဒင်မှာ ဖြစ်ခဲ့တဲ့ အရွယ် ရောက်သူတိုင်း မဲပေးခွင့်ရရေး လှုပ်ရှားမှုတွေကလည်း အလားတူပါပဲ။ ဒီမိုကရေစီ မရတဲ့ အခြေအနေကနေ ဒီမိုကရေစီ ရလာတဲ့အခြေအနေ ကူးပြောင်းလာတဲ့ နိုင်ငံတွေအကြောင်းကိုလည်း ဒီမိုဒယ် အသုံးပြု ရှင်းပြနိုင်ပါတယ်။ အားလုံးပါဝင်နိုင်တဲ့ အင်စတီကျူးရှင်း မရှိတဲ့နိုင်ငံတွေမှာ အခြားနိုင်ငံတွေလို စီးပွားရေး တိုးတက်ဖို့ ဘာကြောင့် ဒီလောက်ခက်ခဲနေရတာလဲဆိုတာကိုလည်း ဒီမိုဒယ်သုံးပြီး ရှင်းပြနိုင်ပြန်ပါတယ်။ အုပ်စိုးသူအီလစ်တွေက တိုင်းပြည်နဲ့ သာမန်ပြည်သူတွေကို ကောင်းကျိုးပြုမယ့် နည်းပညာသစ်တွေကို ပိတ်ပင်တားမြစ်ထားတာ သူတို့ကိုယ်ပိုင် အကျိုးစီးပွားအတွက်ပဲ ဖြစ်တယ်ဆိုတာလည်း ဒီမိုဒယ်က ကောင်းကောင်းရှင်းပြနိုင်ပါတယ်။

တိုင်းပြည်တွေရဲ့ ရေရှည် ကြွယ်ဝချမ်းသာမှုကို ဘယ်အချက်က ပြဌာန်းပေးတာလဲ။ ဒီမေးခွန်းအတွက် ဘောဂဗေဒပညာရှင်များ ဖြစ်ကြတဲ့ ဒယ်ရွန်အေစီမိုဂလူ၊ ဆိုင်မွန်ဂျွန်ဆင်နဲ့ ဂျိန်းရော်ဘင်ဆင်တို့က ဆန်းသစ်တဲ့သုတေသနနည်းနာကို အသုံးပြုပြီး ပညာရပ်တိုးတက်ဖို့၊ သိမှုနယ်ပယ်ချဲ့ထွင်ဖို့ အကြီးအကျယ် အထောက်အကူပြုခဲ့ပါပြီ။ ကိုလိုနီပြုကျင့်ခဲ့ကြစဉ်က စတင်ထူထောင်ခဲ့တဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အင်စတီ ကျူးရှင်းတွေရဲ့ အခြေခံကျတဲ့ အရေးပါမှုကို တိုင်းပြည်တွေရဲ့ ဖြစ်စဉ်သမိုင်း စနစ်တကျ လေ့လာပြီး

Copyright © 2025. Economic Education Program, Inya Economics.

ဖွင့်ဆိုရှင်းပြခဲ့ပါတယ်။ လူတစ်စုကသာ လွှမ်းမိုးချုပ်ကိုင်ထားတဲ့ အင်စတီကျူးရှင်းတွေကို ပြုပြင်ပြောင်းလဲဖို့ ဘာကြောင့် ခက်ခဲနေရသလဲ ဆိုတဲ့ မေးခွန်းအပေါ် သီအိုရီရှင်းပြချက်များ ပညာရပ်နယ်ပယ်ထဲကို အသစ် ထပ်ပေါင်းထည့်ပေးခဲ့ပြန်သေးတယ်။ ၂၀၂၄ခုနှစ် ဘောဂဗေဒသိပ္ပံဆိုင်ရာ နိုဘယ်ဆုရှင်များရဲ့ စာပေလက်ရာ တွေက ဘောဂဗေဒနဲ့ နိုင်ငံရေးသိပ္ပံနယ်ပယ်တွေမှာပါ ကောင်းကျိုးပြု လွှမ်းမိုးသွားပါပြီ။ ဒီမိုကရေစီကို ကောင်းကောင်း ထောက်ပံ့ပေးရမယ်၊ အားလုံးပါဝင်နိုင်တဲ့ အင်စတီကျူးရှင်းများဟာ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ဖို့ အရေးပါတဲ့နည်းလမ်း ဖြစ်ပါတယ်။ ဒါဟာ သူတို့ရဲ့ ဘောဂဗေဒစာပေသမိုင်းမှာ စိုက်ထူ သွားတဲ့ တွေ့ရှိချက်နဲ့ ပညာအသစ်တွေ ဖြစ်ပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

**ဘောဂဗေဒစာပေ စာရေးဆရာ(လောင်း)အပေါင်းတို့ခင်ဗျာ**

တိုင်းပြည်တိုးတက်ရေးအတွက် ဘောဂဗေဒစာပေလိုအပ်တယ်ဆိုတာ ငြင်းမရပါဘူး။ ဘောဂဗေဒစာပေ အခိုင်အခံ့ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းကြိုးပမ်းလို့ ရတာ မဟုတ်လို့ ဘောဂဗေဒကို ချစ်မြတ်နိုးတဲ့ ဘောဂဗေဒစာပေ ရေးသားချင်သူများအနေနဲ့ စာမူများရေးသားပေးပို့နိုင်ပါတယ်ခင်ဗျာ။ မူရင်းစာရေးသူများရဲ့ အာဘော် မချွတ်ယွင်းစေဘဲ တည်းဖြတ်မှု အနည်းငယ် ရှိနိုင်ပြီး ဘောဂဗေဒပညာရေးနဲ့ ဘောဂဗေဒအတွေးအခေါ်ဝေဖန်ဆန်းစစ်ရေးကို အထောက်အကူပြုတဲ့ ဆောင်းပါး သို့မဟုတ် စာပေလက်ရာ တိုင်းကို ကျနော်တို့ ကြိုဆိုပါတယ်။

Thanhtunsoe.ie.mm@gmail.com ကို စာမူများ ရေးသားပေးပို့နိုင်ပါတယ်။

သန်းထွန်း

တာဝန်ခံ (ဘောဂဗေဒပညာရေးပရိုဂရမ်)

အင်းလျားဘောဂဗေဒအဖွဲ့

Copyright © 2025. Economic Education Program, Inya Economics.